# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊ ၂၀၁၀ခုနှစ်၊ ဧပြီ ၁၀ ရက်၊ စနေနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၉၂)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

## အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

**နေပြည်တော် ဧပြီ ၉**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် (၁၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေ ၅ နာရီ မိနစ် ၅၀ တွင် အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ *စာမျက်နှာ ၃ ကော်လံ ၅* ●

**နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် (၁၆) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ခုနှစ် ဧပြီ ၁၀ ရက်)

# မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပျော်ရွှင်စွာ နွှဲပျော်

မြန်မာ့နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်သည် မကြာမီ ကျရောက်တော့မည်ဖြစ်သည်။ မြန်မာ့ဆယ့်နှစ်လရာသီတွင် တန်ခူးလသည် နှစ်ဦးအစ ပထမဦးဆုံးသောလဖြစ်သည်။

မြန်မာတို့သည် နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ရိုးရာပွဲတော်အဖြစ် မင်္ဂလာရှိစွာနှင့် အနှစ်သာရပြည့်ဝစွာ ရိုးရာမပျက် ရေကစားလေ့ရှိကြသည်။ တစ်ဦးနှင့်တစ်ဦး ပျော်ရွှင်စွာ ရေသွန်းလောင်း ပက်ဖျန်း ကစားကြသည်။ ပူအိုက်သည့်ရာသီကာလတွင် ရေသွန်းကစားခြင်းဖြင့် နွေ၏အပူရှိန်ကို သက်သာလျော့ပါးစေပေသည်။

ယခုနှစ် နေပြည်တော်မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ နေပြည်တော်ရှိ ပြည်သူများ နှစ်သစ်ကူး နှစ်ဦးသင်္ကြန်၏ပွဲတော်ကာလ၌ ပျော်ရွှင်စွာ ကစားကြမည်ဖြစ်သည်။ နေပြည်တော်ဟိုတယ်ဇုန်တွင် ဖျော်ဖြေရေး စင်မြင့်များပါရှိသောမဟာသင်္ကြန်မဏ္ဍပ်များ တည်ဆောက်ကာ ရေကစားကြမည်ဖြစ်သည်။ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ဖြစ်သည်နှင့်အညီ ဝတ်စားဆင်ယင်မှုများ၊ တေးဂီတဖျော်ဖြေမှုများ၊ ယိမ်းအကများကို မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ ထိန်းသိမ်း ဆောင်ရွက်သွားကြမည်ဖြစ်သည်။

သင်္ကြန်ရေသည် နှစ်သစ်တွင် အေးမြလန်းဆန်းမည့်အတိတ်နိမိတ်ကို ဖော်ညွှန်းပါသည်။ ရေသည် အညစ်အကြေးဟူသမျှကို သန့်ရှင်းစေပြီး နှစ်ဟောင်းမှအညစ်အကြေးကို ပယ်ပျောက်၍ ဘေးဥပဒ်အန္တရာယ်များ ကင်းရှင်းစေမည်သာမက ကိုယ်နှင့်စိတ်ကိုလန်းဆန်းတက်ကြွစေသည်။

လူမျိုးအသီးသီးတွင် နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးပြောင်းသည့် အချိန်အခါ ထားရှိကြသည်။ နှစ်သစ်ကူးအချိန်ကာလကို မင်္ဂလာရှိသော အချိန်ကာလဟုလည်း သတ်မှတ်ကြသည်။ မြန်မာတို့၏ သင်္ကြန်ရေပက်ကစားခြင်း ဓလေ့ထုံးတမ်းသည် ရှေးမြန်မာမင်းများလက်ထက်ကတည်းက တည်ရှိခဲ့ပြီးဖြစ်သည်။

သင်္ကြန်ကာလပွင့်သော ငုဝါ၊ ပိတောက်ပန်းတို့သည် သင်္ကြန်၏ သင်္ကေတရာသီပန်းများ ဖြစ်ကြသည်။ မြန်မာတို့၏ ယဉ်ကျေးသော ရိုးရာသင်္ကြန်ကာလကို ပြည်ထောင်စုတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူအပေါင်းက ပျော်ရွှင်စွာနှင့် ရိုးရာမပျက် ယဉ်ကျေးသိမ်မွေ့စွာဖြင့် ဆင်နွှဲကြပြီး နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသန့်စင်၍ နှစ်သစ်အခါသမယကို မင်္ဂလာအပေါင်းနှင့် ကြိုဆိုကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်-နေ့လယ်-ည)
၁၁-၄-၂၀၁၀

- ၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇:၀၅ တရားတော် (မေတ္တာသုတ်+ခန္ဓသုတ်) ဓမ္မပူဇာတေးပဒေသာ
- ၇:၃၀ (၃၈)ဖြာမင်္ဂလာ
- ၇:၃၅ နံနက်ခင်းတေးပဒေသာ
- ၈:၀၀ စံတော်ချိန် + သတင်း
- ၈:၁၀ နံနက်ခင်းတေးပဒေသာ
- ၈:၃၀ ဘဝအသွင် ကဗျာ့အမြင် (မြန်မာ့ယဉ်ကျေးမှု)
- ၈:၃၅ တေးပဒေသာ
- ၁၀:၀၀ မင်္ဂလာလက်ဆောင်
- ၁၀:၃၀ သတင်းစာအာဘော်
- ၁၀:၃၅ သန်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (နုပျိုကျန်းမာ ဖော်မြူလာ)
- ၁၀:၄၀ တေးစီးရီး (နေရဲမာန်သင်္ကြန်-၂၀၀၉)
- ၁၁:၀၀ နေ့လယ်ခင်းသတင်း
- ၁၁:၁၀ ဆိုကြပျော်ရွှင်တေးသံစဉ်(၈၅)
- ၁၂:၀၀ စံတော်ချိန် ကလေးအစီအစဉ် (ကလေးများ၏ သင်္ကြန်သီချင်းများ)
- ၁၂:၁၀ ဘဝတစ်ကွေ့ အတွေ့အကြုံ (အနှိုင်းမဲ့ မေတ္တာပိုင်ရှင်သို့) နေ့လယ်ခင်းတေးပဒေသာ
- ၁၂:၃၀ စာအုပ်စာပေ လူ့မိတ်ဆွေ
  ၁။ သာလွန်အင်္ဂလိပ်-အင်္ဂလိပ် မြန်မာဥပဒေအဘိဓာန် (ဦးတင်ဝင်းနိုင်)
  ၂။ ရိုမီယိုနဲ့ ဂျူးလီးယက်ပြဇာတ် (ဦးသိန်းလွင်)
- ၁၂:၅၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၃:၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃:၁၀ သိလိုသမျှမေး ကျန်းမာရေး
- ၁၃:၂၀ တေးပဒေသာ
- ၁၃:၃၀ အစီအစဉ်ပြီး၏။
- ၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆:၃၀ သောတရှင်လိုရာတေး
- ၁၇:၀၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
- ၁၇:၂၅ သတင်းစာဆောင်းပါး
- ၁၇:၃၀ ညနေခင်းတေးပဒေသာ
- ၁၇:၃၅ တို့ပြန်ဖြေကြား အနုပညာရှင်များ (ချောစုခင်)
- ၁၈:၀၀ ညနေခင်းသတင်း
- ၁၈:၁၀ တေးချစ်သူရွေးသီတေးပန်းချီ
- ၁၈:၃၀ သုတစုံကြွယ် သိစေဖွယ် [မပြတ်သတိ-ချစ်နိုင် (စိတ်ပညာ)]
- ၁၈:၄၅ တေးပဒေသာ
- ၁၉:၀၀ နိုင်ငံတကာသတင်း
- ၁၉:၁၀ Talk on Line (အနုပညာရှင်များ၏ သင်္ကြန်ရင်ခုန်သံ) နိုင်ငံရေးဦးတည်ချက်
- ၁၉:၃၀ တေးပဒေသာ
- ၂၀:၀၀ ပြည်တွင်းသတင်း
- ၂၀:၂၀ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ဇော်ဝမ်း) စီးပွားရေးဦးတည်ချက်
- ၂၀:၄၀ လယ်ယာစီးပွား (ပြည်ပပို့ကုန် ပဲစင်းငုံ တိုးချဲ့စိုက်ပျိုး ဝင်ငွေတိုး)
- ၂၀:၅၀ တေးပဒေသာ လူမှုရေးဦးတည်ချက်
- ၂၁:၀၀ ရင်တွင်းခံစား တေးသီချင်းများ (ဒေါ်ဆန်းဆန်းဦး)
- ၂၁:၁၅ ညချမ်းချိန်ခါ တေးပဒေသာ
- ၂၁:၃၀ ခေတ်မရွေးသောတေး
- ၂၂:၀၀ အစီအစဉ်ပြီး၏။

## မိမိတာဝန်ယူရာ အပိုင်းလိုက်သတ်မှတ်ချက်များနှင့်အညီ အချိန်မီပြီးစီးရမည့်လမ်း၊ တံတားများကို ပြီးစီးအောင်ဆောင်ရွက်

နေပြည်တော် ဧပြီ ၉

**ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဧပြီ ၇ရက် နံနက်စနာရီခွဲတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ဘီအိုတီစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေသောကုမ္ပဏီ ၂၉ ဖွဲ့မှ ကုမ္ပဏီပိုင်ရှင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။**

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ပြည်နယ်/တိုင်း အသီးသီး၌ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းမိုင် ၂၁၁၅၇မိုင် ၇ဖာလုံရှိပြီး အဆိုပါ လမ်းများအနက် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဘီအိုတီစနစ်ဖြင့် တာဝန်ပေးထားသော လမ်းမိုင်မှာ ၄၀၁၃ မိုင် ၇ဖာလုံရှိကြောင်း၊ ဘီအိုတီလုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများအနေဖြင့် မိမိတာဝန်ယူရာအပိုင်းလိုက်သတ်မှတ်ချက်များနှင့်အညီ အချိန်မီပြီးရမည့်လမ်းပိုင်း၊ တံတားပိုင်းများကို ပြီးစီးအောင်ဆောင်ရွက်သွားကြရန် မှာကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးတင့်ဆွေက ဘီအိုတီကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လုပ်ကိုင်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး(အုပ်ချုပ်ရေး) ဦးကျင်မောင်၊ ညွှန်ကြားရေးမှူး(ခွန်ထိန်း/ကျောက်ထုတ်) ဦးအောင်ကျော်ဦး၊ ဒုတိယအင်ဂျင်နီယာချုပ်(လမ်း)ဦးထွန်းသာနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး(လမ်းပုံထုတ်) ဒေါ်လှလှသွယ်တို့က ဘီအိုတီလမ်းများ တိုးတက်ကောင်းမွန်လာမှု၊ လမ်းများပေါ်တွင် တန်ပိုယာဉ်များ သွားလာမှုအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ လမ်းအသုံးပြုခကို နိုင်ငံတော်က သတ်မှတ်ထားသည့်နှုန်းထားအတိုင်း ကောက်ခံသွားရမည့်အခြေအနေ၊ ယနေ့ခေတ် မော်တော်ယာဉ်များနှင့် လမ်းများအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

### တိုးတက်ပြုပြင်

ထို့နောက် ဘီအိုတီစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေသော ကုမ္ပဏီ ၂၉ ဖွဲ့မှ တာဝန်ခံများက မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့် လမ်းအပိုင်းများ တိုးတက်ပြုပြင်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် မန္တလေးလမ်းနေ ဦးဆုမြိုင်-ဒေါ်ယဉ်ယဉ်(လှကမ္ဘာစတိုး) မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးက လက်ခံယူစဉ်။
(ကင်ဆာဖောင်ဒေးရှင်း)

## မြဝတီရုပ်မြင်သံကြား

၁၀-၄-၂၀၁၀ (စနေနေ့)

### နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနှားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

### နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့စိန်ခေါ်သံ** (အပိုင်း-၃၉)
- ၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ပန်းကလေးရဲ့ ဇာတ်လိုက်** နေတိုး၊ မိုးဟေကို (ဒါရိုက်တာ-ဟိန်းစိုး)
- ၁၃:၃၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၂၄)

### ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွှဲ
- ၄:၂၀ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄:၃၀ ၅။ မြန်မာသံစဉ် ချိုနှားဝင်
- ၄:၄၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၄၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၂။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၃။ **စားဖိုဆောင်ချစ်သူ**
- ၆:၄၅ ၁၄။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၁၆)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ လူရွှင်တော်စတား
- ၂၁။ အင်္ဂလိပ်စာသုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၃၅)
- ၂၄။ **နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၁၆)

## စီးပွားဖြစ် ငါးမွေးမြူရေး ဟုမ္မလင်း၌ ဆွေးနွေး

*ကလေး ဧပြီ ၉*

*ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းတင်သည် ဟုမ္မလင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကရဲကုန်း၊ အင်းသူကြီးများဖြစ်ကြသော ဦးကြည်ဆောင်၊ ဦးကွမ်းလှိုင်တို့နှင့်အတူ မတ် ၂၃ရက်မှ ၂၈ရက်အထိ ဟုမ္မလင်းမြို့နယ်အတွင်းရှိ အင်းအိုင်များသို့ သွားရောက်၍ လာမည့်နှစ်များတွင် ငါးမျိုးစိုက်ထည့်ရာ၌ ကြီးထွားနှုန်းကောင်းမွန်သော ငါးမြစ်ချင်းများကိုသာ ငါးမျိုးစိုက်ထည့်ကြရန်နှင့် သဘာဝအလျောက် အင်းအိုင်၊ ချောင်းမြောင်းများမှရရှိသော ငါးများကို အားမကိုးကြဘဲ ရေလွယ်ကူစွာရရှိသော နေရာများတွင် ငါးကန်များတူးဖော်ပြီး စီးပွားဖြစ်မွေးမြူကြရန် ဆွေးနွေးသည်။*

*(ခရိုင် ပြန်/ဆက်)*

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၁၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး တက်ရောက်ရန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့သို့ ရောက်ရှိ

**နေပြည်တော် ဧပြီ ၉**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ကျင်းပမည့် (၁၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၈ရက် နံနက်ပိုင်းက နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် မွန်းလွဲ ၁၂နာရီ ၁၀မိနစ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ နိုဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

**ကြိုဆိုနှုတ်ဆက်**

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယအကြီးအကဲ Mr. Cao Tran Quoc Hai တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အထူးလေယာဉ်ပေါ်မှ ဆင်းသက်လာရာ လေယာဉ်လှေကားထိပ်မှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး Mr. Hoang Van Phong က ကြိုဆိုနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အား ဗီယက်နမ်အမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်း ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ကြိုတင်ရောက်ရှိနေသော ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ စစ်သံမှူး ဗိုလ်မှူးကြီးတင်ထွန်းအေးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**အလေးပြု**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြု၍ ဂုဏ်ပြုသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးယာဉ်တန်းဖြင့် ခေတ္တတည်းခိုမည့် ဟနွိုင်းမြို့ရှိ Sheraton Hanoi Hotel သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

## ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ နိုဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး **Mr. Hoang Van Phong** ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## ဂုဏ်ပြုတပ်ဖွဲ့ အလေးပြု

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ နိုဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုစဉ်။** (သတင်းစဉ်)

**● ရှေ့ဖုံးမှ**

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ပြန်လည်လိုက်ပါလာ**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

## သင်္ကြန်ကာလ ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်း တစ်လမ်းမောင်းစနစ် ကျင့်သုံးမည်

**ရန်ကုန် ဧပြီ ၉**

မဟာသင်္ကြန်ပွဲတော်ကာလဖြစ်သည့် ဧပြီ ၁၃ရက် (အကြိုနေ့)မှ ၁၆ရက် (အတက်နေ့) အထိ နံနက် ၆နာရီမှ ညနေ ၆နာရီအတွင်း ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်း (ကန်ရိပ်သာလမ်းနှင့် နတ်မောက်လမ်း)ကို တစ်လမ်းမောင်းစနစ် ကျင့်သုံးသွားမည် ဖြစ်သည်။

**သတ်မှတ်ထား**

တစ်လမ်းမောင်းစနစ်မှာ ဦးထောင်ဘိုအဝိုင်း တိရစ္ဆာန်ဥယျာဉ်ဘက်မှ ကန်ရိပ်သာလမ်းသို့ အဝင်သတ်မှတ်ပြီး ကန်ရိပ်သာလမ်းအတိုင်း လက်ဝဲရစ်မောင်းနှင်၍ ၄င်းမှ နတ်မောက်လမ်းအတိုင်း ကမ္ဘာအေးစေတီလမ်းဆုံသို့ အထွက်သတ်မှတ်ထားရှိမည်ဖြစ်သည်။ ကန်ရိပ်သာလမ်းသို့ ချဉ်းကပ်လမ်းများဖြစ်သည့် အထက်ပန်းဆိုးတန်းလမ်း၊ သိမ်ဖြူလမ်း၊ ဦးအောင်မြတ်လမ်းနှင့် နတ်မောက်လမ်းသို့ ချဉ်းကပ်လမ်းများဖြစ်သည့် စက်ရုံလမ်း၊ ကျိုက္ကဆံလမ်း၊ ဦးထွန်းမြတ်လမ်း၊ နတ်မောက်လမ်းသွယ်၊ ဖိုးစိန်လမ်း၊ ဗိုလ်ချိုလမ်းနှင့် ဝက်ပါလမ်းမှလာသည့် မော်တော်ယာဉ်များသည် ကန်တော်ကြီးပတ်လမ်း (ကန်ရိပ်သာလမ်းနှင့် နတ်မောက်လမ်း)သို့ ရောက်သည့်အခါ ညာကွေ့ပြီး လက်ဝဲရစ် သွားရောက်ရမည်ဟု သတိပေးနှိုးဆော်ထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၀-၄-၂၀၁၀ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | အဂ္ဂံဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ) |
| ၇း၅၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၀၀ | ၆။ | ခါသင်္ကြန်အဆိုအကများ |
| ၈း၁၅ | ၇။ | ကဗျာပန်းဥယျာဉ် |
| ၈း၂၅ | ၈။ | ခါသင်္ကြန်အဆိုအကများ |
| ၈း၄၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | Connect with English (Episode-38) (Starting Over) |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၀ | ၂။ | ခါသင်္ကြန်အဆိုအကများ |
| ၁၁း၃၀ | ၃။ | ချစ်စရာ့ တာသင်္ကြန် |
| ၁၂း၀၀ | ၄။ | တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁၃း၃၀ | ၅။ | Yan Can Cook |
| ၁၃း၄၅ | ၆။ | ခါသင်္ကြန်အဆိုအကများ |
| ၁၄း၀၀ | ၇။ | **ကြည်နူးရိပ်** |
| ၁၄း၃၀ | ၈။ | ခါသင်္ကြန်အဆိုအကများ |
| ၁၄း၄၀ | ၉။ | ပြည်ထောင်စု တိုင်းရင်းသား ရိုးရာ တေးသံသာ |
| ၁၄း၅၀ | ၁၀။ | International News |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | ခါသင်္ကြန်အဆိုအကများ |
| ၄း၂၅ | ၃။ | နွေဦးဂီမှာန်တေးသံသာ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းနှင့် မဟာဂီတအဖွဲ့ ဖျော်ဖြေခန်း |
| ၄း၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာ၊ ဓာတု၊ ရူပဗေဒ၊ စီးပွားရေးပညာ၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြုများ) (သင်္ချာ) |
| ၅း၀၀ | ၅။ | ခါသင်္ကြန်အဆိုအကများ |
| ၅း၁၀ | ၆။ | မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး တေးများ |
| ၅း၁၅ | ၇။ | ခါသင်္ကြန်အဆိုအကများ |
| ၅း၃၀ | ၈။ | ချစ်စရာ့ တာသင်္ကြန် |
| ၆း၀၀ | ၉။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၁။ | အလှရှာမယ် လှကမ္ဘာဝယ် |
| ၆း၃၅ | ၁၂။ | ယှဉ်တစ်ကိုယ်မယ် (ခရစ္စတီးနား) (ဒါရိုက်တာ-ခေတ်ဘုန်းမို) |
| ၇း၀၀ | ၁၃။ | နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား** (အပိုင်း-၂၆) |
| ၈း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၁၄) |
| | ၁၈။ | နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေဖူးစာလည်** (ဇာတ်သိမ်းပိုင်း) |
| | ၁၉။ | ဂီတတံခါးလေးဖွင့်ပါဦး |
| | ၂၀။ | အစီအစဉ်ပြီး၏။ |

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်စွယ်

## ရုရှား-ဆလိုဗက် စီးပွားရေး ပြန်လည်ရှင်သန်ရန် ကြိုးပမ်း

*ဘရာတစ်လာဗာ ဧပြီ ၉*

*ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်သည် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည့် (၆၅)နှစ်မြောက်အထိမ်းအမှတ်နှင့် ယခင်ချက်ကိုဆလိုဗက်ကီးယားနိုင်ငံ လွတ်မြောက်သည့် အထိမ်းအမှတ်အခမ်းအနားများသို့ တက်ရောက်ရန်အတွက် ဆလိုဗက်ကီးယားနိုင်ငံသို့ ဧပြီ ၆ ရက်က ရောက်ရှိလာသည်။*

**ဆွေးနွေး**

*နှစ်နိုင်ငံခေါင်းဆောင်များ ဧပြီ ၇ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး မကြာသေးမီက ဖြစ်ပွားခဲ့သော အကျပ်အတည်းကြောင့် ထိခိုက်ခဲ့သည့် ဆလိုဗက်-ရုရှားစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပြန်လည်ရှင်သန်လာရေးကိစ္စကို အဓိကထား ဆွေးနွေးကြမည်ဖြစ်သည်။*

**မျှော်လင့်**

*ဆလိုဗက်ကီးယားသည် ရုရှားနိုင်ငံမှ စွမ်းအင်ကုန်ကြမ်းတင်ပို့မှုကို မှီခိုအားထားနေရသည့်နိုင်ငံဖြစ်၍ မက်ဗီဒက်ဗ်၏ ခရီးစဉ်သည် ယင်းစွမ်းအင်ဖူလုံရေးကို အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်ထားသည်ဟုလည်း သိရသည်။*

***အမ်အင်န်အေ၊ဆင်ဟွာ***

တရုတ်နိုင်ငံ ချုံကင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အနောက်တောင်ပိုင်းရှိ သိပ္ပံနှင့်နည်းပညာပြတိုက်၌ အာကာသတွင်း လမ်းလျှောက်ခြင်းပြကွက်တွင် ကြည့်ရှုလေ့လာသူများဖြင့် စည်ကားနေသည်ကို ဧပြီ ၈ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

## လက်တင်အမေရိကနိုင်ငံများနှင့် ဆက်ဆံမှုတိုးတက်ရေး တရုတ်သမ္မတဟူကျင်ထောင်း ခရီးစဉ်များအရေးပါ

ပေကျင်း ဧပြီ ၉

**တရုတ်နှင့်လက်တင်အမေရိကနိုင်ငံများ၏ဆက်ဆံရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်သမ္မတဟူကျင်ထောင်း၏ ဘရာဇီး၊ဗင်နီဇွဲလားနှင့် ချီလီနိုင်ငံခရီးစဉ်က အရေးပါလိမ့်မည်ဖြစ်ကြောင်း ဧပြီ ၇ရက်၌ တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီးလီက ပြောကြားသည်။**

တရုတ်နိုင်ငံ သမ္မတ ဟူကျင်ထောင်း

အဆိုပါ ခရီးစဉ်အတွင်း သမ္မတဟူကျင်ထောင်းသည် ဘရာဆီးလီးယားမြို့၌ ဧပြီ ၁၄ရက်မှ ၁၇ရက်အထိကျင်းပမည့် ဘရာဇီး၊ရုရှား၊အိန္ဒိယနှင့် တရုတ်တို့ပါဝင်သည့် ဒုတိယအကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ပြီး ဧပြီ ၁၈ရက်တွင် ဗင်နီဇွဲလားနှင့်ချီလီနိုင်ငံတို့သို့ ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

တရုတ်-လက်တင်အမေရိကနိုင်ငံများ၏ဆက်ဆံရေးမှာ နိုင်ငံရေးအပြန်အလှန်ယုံကြည်မှု၊ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရေးနှင့် ယဉ်ကျေးမှုအပြန်အလှန်ဖလှယ်ရေးများနှင့်အတူ ကျယ်ကျယ်ပြန့်ပြန့် စဉ်ဆက်မပြတ် တိုးတက်မှုအရှိန်ရရှိနေကြောင်း ၄င်းက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## စစ်သွေးကြွ ၁၃ဦးတို့အား အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များဖမ်းဆီး

ဘဂ္ဂဒက် ဧပြီ ၉

**အီရတ်နိုင်ငံ အရှေ့ပိုင်းပြည်နယ်များဖြစ်သည့် ဒိုင်ယာလာနှင့် ဝါဆစ်တို့တွင် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဧပြီ ၈ရက်၌ စီးနင်းရှာဖွေ ခဲ့စဉ်အတွင်း စစ်သွေးကြွဟု မသင်္ကာသူ ၁၃ဦးအား ဖမ်းဆီးခဲ့သည်။**

ရဲတပ်ဖွဲ့ဝင်များက ဒိုင်ယာလာပြည်နယ်ရှိ သီးခြားနေရာများတွင် အယ်လ်ခိုင်ဒါဟု မသင်္ကာသူ သေနတ်သမား စုစုပေါင်း ၁၂ဦးကို ဧပြီ ၇ရက်က ဖမ်းဆီးသည်ဟု ဒေသဆိုင်ရာ ရဲတပ်ဖွဲ့အကြီးအကဲ အယ်လ်ရှမ်ရီက အီရတ်သတင်းဌာနသို့ ပြောကြားသည်။

**ယုံကြည်ထား**

အဆိုပါ စစ်သွေးကြွများကို ခါလက်စ်မြို့၌ ဗုံးနှစ်လုံးဖောက်ခွဲမှုတွင် ပါဝင်ခဲ့သည်ဟု သင်္ကာမကင်းဖြစ်၍ ဖမ်းဆီးခြင်းဖြစ်သည်ဟု ၄င်းက ထပ်လောင်းပြောကြားသည်။ ဧပြီ ၇ရက်က အဖမ်းခံရသူများတွင် အယ်လ်ခိုင်ဒါထိပ်တန်း စစ်သွေးကြွတစ်ဦး ပါဝင်သည်ဟု လုံခြုံရေးတာဝန်ရှိပုဂ္ဂိုလ်များက ယုံကြည်ထားသည်။

**(အင်တာနက်)**

## ဟူသီသူပုန် ၁၆၁ဦးအား ယီမင်၌ ပြန်လွှတ်ပေး

**ဆာနာ ဧပြီ ၉**

ယီမင်နိုင်ငံမြောက်ပိုင်းတွင် အစိုးရတပ်နှင့် သူပုန်များ တိုက်ခိုက်မှုဖြစ်ပွားရာတွင်ပါဝင်မှုဖြင့် ဖမ်းဆီးထားသော ရှီးယိုက်ဟူသီသူပုန် ၁၆၁ဦးတို့အား ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ယီမင်အစိုးရက ဧပြီ ၆ရက်၌ သတင်းထုတ်ပြန်သည်။

**အကောင်အထည်ဖော်**

ယင်းကဲ့သို့ ပြန်လွှတ်ပေးခြင်းသည် အချက်(၆)ချက်ပါ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်တစ်စိတ်တစ်ဒေသကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း ယီမင်ကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြသည်။

**သဘောတူချုပ်ဆို**

ယင်းအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို ယီမင်အစိုးရနှင့် ရှီးယိုက်ဟူသီသူပုန်များအကြား နှစ်ရှည်လများ မကြာခဏဖြစ်ပွားနေသောတိုက်ပွဲများ အဆုံးသတ်ရန် လွန်ခဲ့သည့် ဖေဖော်ဝါရီလက နှစ်ဖက်သဘောတူချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

**လွှတ်ပေး**

အဆိုပါသူပုန် ၁၆၁ဦးအား လွှတ်ပေးလိုက်ခြင်းသည် သူပုန် ၇၅ဦးခန့်ကို လွှတ်ပေးခဲ့ပြီးနောက် ရက်သတ္တနှစ်ပတ်အကြာတွင် ထပ်မံလွှတ်ပေးလိုက်ခြင်းဖြစ်သည်ဟုလည်း ကြေညာချက်၌ ဖော်ပြထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

**မြေပြိုမှုဖြစ်ပွား**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ မြေပြိုမှုဖြစ်ပွားရာ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည်ကို ဧပြီ ၉ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

## အမေရိကန် ကောင်စစ်ဝန်ရုံး တိုက်ခိုက်ခံရမှု နိုင်ငံခြားရေးဝန်ကြီး ပြစ်တင်ရှုတ်ချ

**ဝါရှင်တန် ဧပြီ ၉**

ဝန်ထမ်းနှစ်ဦးထက်မနည်း သေဆုံးခဲ့ရသော ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ အမေရိကန်ကောင်စစ်ဝန်ရုံးတစ်ရုံးတိုက်ခိုက်ခံရမှုကြောင့် မိမိတို့နာကြည်းဝမ်းနည်းမှုဖြစ်ရကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ဧပြီ ၇ ရက်၌ ပြောကြားသည်။

**ဝမ်းနည်းကြေကွဲ**

ပက်ရှ်ဝါမြို့ရှိ မိမိတို့ကောင်စစ်ဝန်ရုံးတစ်ရုံးကို ထိုးနှက်တိုက်ခိုက်ခဲ့ခြင်းနှင့်ပတ်သက်၍ မိမိနာကြည်းပြီး လွန်စွာဝမ်းနည်းကြေကွဲရပါကြောင်း၊ သေဆုံးသွားသည့် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများနှင့် ဒဏ်ရာရရှိသူအားလုံးနှင့်အတူ ထပ်တူထပ်မျှ ခံစားမိရပါကြောင်းဖြင့်လည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။

**ရှုတ်ချ**

မိမိတို့ကောင်စစ်ဝန်ရုံးဝန်ထမ်းများအား ယင်းကဲ့သို့တိုက်ခိုက်မှုကို ပြစ်တင်ရှုတ်ချကြောင်းဖြင့်လည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ ကြေညာချက်၌ဖော်ပြထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## နိုင်ငံစုံတပ်ဖွဲ့ ပစ်ခတ်မှု အာဖဂန်ကလေးငယ် ငါးဦးသေဆုံး

**ကဘူးလ် ဧပြီ ၉**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ ပြင်သစ်တပ်ဖွဲ့မှ ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် ကျောင်းနေအရွယ်ကလေးငယ် ငါးဦးထက်မနည်း သေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း အာဖဂန်အရာရှိတစ်ဦးက ဧပြီ ၈ရက်၌ ပြောကြားသည်။

ယင်းသည် ခါပီဆာပြည်နယ် ဆိုဖန်ဒေသ၌ ဧပြီ ၆ရက်က တာလီဘန်နှင့် ပြင်သစ်တပ်ဖွဲ့ဝင်များ အပြန်အလှန်တိုက်ခိုက်မှုကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်ဟု ဆိုသည်။

**ပိုမိုပြင်းထန်**

အာဖဂန်နစ္စတန်နိုင်ငံတွင် နိုင်ငံစုံတပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် အရပ်သားများ သေကျေဒဏ်ရာရမှုများနှင့် ကြုံရသောအခါ နိုင်ငံအတွင်း အမေရိကန်ဆန့်ကျင်ရေးစိတ်ဓာတ်များ ပိုမိုပြင်းထန်လာစေမည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးခုနစ်လုံး ပေါက်ကွဲပြီးနောက် ပြိုကျပျက်စီးသွားသော အဆောက်အအုံများကို ဧပြီ ၈ရက်က တွေ့ရစဉ်။** (ဆင်ဟွာဓာတ်ပုံ)

## တရုတ်နှင့်အိရန် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်

တီဟီရန် ဧပြီ ၉

**အီရန်နှင့်တရုတ်နိုင်ငံတို့ စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေး အပြီးသတ်ဆွေးနွေးပွဲကို အီရန်နိုင်ငံ တီဟီရန်မြို့တော်တွင် ဧပြီ ၈ရက်က ကျင်းပသည်။**

နှစ်ဖက်ကိုယ်စားလှယ်များက ဆွေးနွေးပွဲတွင် ရေနံမြေလေးခုမှ ရေနံထုတ်လုပ်ရေးကိစ္စကို အလေးထားဆွေးနွေးကြသည်ဟု မီဟာသတင်းဌာနကဖော်ပြသည်။

**ဖက်စပ်**

အီရန်နိုင်ငံအလယ်ပိုင်းရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေမှ ရေနံဓာတ်ငွေ့ထုတ်ယူရန် စီမံကိန်းတွင် တရုတ်ကုမ္ပဏီက ရင်းနှီးမြှုပ်နှံမှုပြုလုပ်ပြီး အီရန်နှင့် ဖက်စပ်လုပ်ကိုင်ကြမည်ဟု ဆွေးနွေးပွဲအစီအစဉ်တွင် ပါရှိသည်။ တရုတ်ရင်းနှီးမြှုပ်နှံသူများအား အီရန်ရေနံမြေအကြောင်း ရှင်းလင်းပြောပြပြီး ဖြစ်သည့်အတွက် ၄င်းတို့က အလေးအနက်ထားစဉ်းစားနေကြောင်း အီရန်အိုင်စီအိုအက်ဖ်စီဦးဆောင်ညွှန်ကြားရေးမှူး ဂမ်မီကပြောကြားသည်။ **(အင်တာနက်)**

## ဇမ်ဘီယာမြောက်ပိုင်း၌ ရေယာဉ်တိမ်းမှောက် လူ ၄၀ ပျောက်ဆုံးနေဟုဆို

**လူဆာကာ ဧပြီ ၉**

ဇမ်ဘီယာနိုင်ငံမြောက်ပိုင်းတွင် လူ ၄၀ခန့် စီးနင်းလိုက်ပါလာသော ရေယာဉ်တစ်စီး တိမ်းမှောက်သွားသဖြင့် အဆိုပါစီးနင်းလိုက်ပါလာသူများ သေဆုံးသည်ဟု ယူဆရကြောင်း ဇမ်ဘီယာနိုင်ငံ အမျိုးသားအသံလွှင့်ကော်ပိုရေးရှင်းက ဧပြီ ၆ရက်၌ ကြေညာသည်။

**တိမ်းမှောက်**

အဆိုပါရေယာဉ်သည် တောတောင်ထူထပ်သည့် ကာပမ်ဘွာဒေသမှ ထိုဒေသအတွင်းရှိ အမ်ပူလွန်ဂူခရိုင်သို့အသွား တန်ဂန်ယီကာချောင်းတွင် မွန်းလွဲပိုင်းက တိမ်းမှောက်သွားခြင်းဖြစ်ကြောင်း ကြေညာချက်၌ ဆက်လက်ဖော်ပြထားသည်။

**လိမ့်ကျသေဆုံး**

ယင်းရေယာဉ်တိမ်းမှောက်ရာဒေသတွင် ယခုနှစ်စောစောပိုင်းက လေပြင်းတိုက်ခိုက်သဖြင့် လူကိုးဦးတောင်ပေါ်မှလိမ့်ကျသေဆုံးခဲ့သည့်နေရာဖြစ်သည်ဟု သိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## ဆော်ဒီအာရေဗျ အနောက်တောင်ပိုင်းဒေသတွင် ဆီးနှင်းထူထပ်စွာကျဆင်း

***ရီယာ့ဒ် ဧပြီ ၉***

*ဆော်ဒီအာရေဗျနိုင်ငံ အနောက်တောင်ပိုင်းဒေသရှိ တာနိုမာမြို့နေရာအနှံ့၌ ဆီးနှင်းထူထပ်စွာကျဆင်းနေစဉ် ဆော်ဒီအာရေဗျနိုင်ငံ၏ အခြားနေရာတို့တွင် အပူချိန်မြင့်မားလျက်ရှိကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။*

*အဆာပြည်နယ်မြောက်ပိုင်းရှိ တာနိုမာမြို့၌ ဧပြီ ၈ရက်က ဆီးနှင်းများထူထပ်စွာကျဆင်းခဲ့သည်ဟု ဆော်ဒီဂေဇက်သတင်းစာကဖော်ပြသည်။*

***မိုးသည်းထန်စွာရွာသွန်း***

*တစ်ချိန်တည်း၌ပင် ဆင်ခြေဖုံးဒေသများဖြစ်သည့် နာမတ်၊ ဆူဒါ၊ ရှာဖ်၊ တူရိပ်၊ အော့ဗက်ဒါလေ၊ ခိုင်ဘာအယ်လ်-ဂျာနော့၊ မက်ဒါ၊ တီဟာမာဘာလက်စမာနှင့် ဘလာမာတို့တွင် မိုးသီးမုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းသည်။* ***(အင်တာနက်)***

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ငွေကျပ်၂၄သိန်းတန်ဖိုးရှိOxylone (Oxymetholone 50mg) ဆေးဘူးများအားလည်းကောင်း၊ ရန်ကုန်ကလေးဆေးရုံကြီးတွင် ငွေကျပ် ရှစ်သိန်းတန်ဖိုးရှိ Oxylone (Oxymetholone 50mg) ဆေးဘူးများနှင့် မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးတွင် ငွေကျပ် လေးသိန်းတန်ဖိုးရှိ Oxylone (Oxymetholone 50mg) ဆေးဘူးတို့အားလည်းကောင်း စုစုပေါင်း ငွေကျပ် ၃၆သိန်းတန်ဖိုးရှိ ဆေးများကို Wut Hmone Trading Co.,Ltd. မှ လှူဒါန်းရာ ရန်ကုန် အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာ လက်ခံယူစဉ်။ (မြန်မာ့အလင်း)

## ရေပြာဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်ခဲ့

နေပြည်တော် ဧပြီ ၉

ဦးစန်းလွင်သည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးကြီးခင်မောင်ထူး (ငြိမ်း)၊ ဦးအောင်သန်း(သလ္လာဝတီဂေါက်စတိုး)၊ ဦးရဲတင့် (ဥက္ကဋ္ဌ၊ ရွှေခင်မန်းမော်တော်ယာဉ်)၊ ဦးဇော်ဇော်ဝေ(လွမ်းသစ်ဆိုင်) တို့နှင့်အတူ ဧပြီ ၁ရက် ညနေ၃နာရီက နေပြည်တော် တပ်မတော်ရေပြာဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားကြရာ ၁၂၄ကိုက် အကွာအဝေးရှိသော ကျင်းအမှတ် ၁၆သို့ Taylor Made သံတုတ် P-W ဖြင့် Prov. 1 No.3 ဂေါက်သီးကို ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ (မြန်မာ့အလင်း)

## (၆၅)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု ဟားခါး၌ ကတ္တရာလမ်းသစ်ဖွင့်

ဟားခါး ဧပြီ ၉

ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် မြို့ပြငွေလုံးငွေရင်းလုပ်ငန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော ပန်းခြံအတက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ရက် နံနက် ၉နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

### ဖွင့်လှစ်ပေး

အခမ်းအနားသို့ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍လည်းကောင်း၊ ဟားခါးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆွေခန့်ထန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတမ်အောင်၊ မြို့မိမြို့ဖ ဦးရမ်ဟဲတို့က လမ်းအား ဖဲကြိုးဖြတ်၍လည်းကောင်း ဖွင့်လှစ်ပေးကြပြီး လမ်းကို ကြည့်ရှုစစ်ဆေးကြသည်။ (အပေါ်ပုံ)

### ဆောင်ရွက်နိုင်ခဲ့

ကတ္တရာလမ်းသစ်အား အဖွဲ့ရန်ပုံငွေကျပ် ၈၄၅၀၀၀၀၊ ရပ်ကွက်ပြည်သူ ထည့်ဝင်ငွေများနှင့်စုပေါင်းကာ အရှည် ၁၇၂၄ပေ အထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ယာဉ်၊ စက်၊ ယန္တရားများ ကြံ့ခိုင်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## ပညာ့အလင်းစာကြည့်တိုက် အချိန်မီပြီးစီးရေးဆွေးနွေး

ဆားလင်းကြီး ဧပြီ ၉

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ဝင်းကြည်သည် မတ် ၁၄ရက်က ကျွန်းဖိုပင်ကျေးရွာ ပညာ့အလင်းစာကြည့်တိုက်ဆောက်လုပ်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ သတ်မှတ်စံချိန်မီရေးနှင့် အချိန်မီပြီးစီးရေးတို့ကို ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော နည်းပညာတက္ကသိုလ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မတ် ၁၈ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိန်မောင်မြင့်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

## စာအုပ်စာပေလှူမိတ်ဆွေ

## စိန့်အဲဂနက်(စ်)(ကလော)ကျောင်းသားဟောင်းများ မိတ်ဆုံပွဲ မေ ၅ရက်၌ ကျင်းပမည်

*ရန်ကုန် ဧပြီ ၉*

*စိန့်အဲဂနက်(စ်)(ကလော) ကျောင်းသား ကျောင်းသူဟောင်းများ မေ ၃ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ကလောမြို့ အထက(၂)၌ ရင်းရင်းနှီးနှီး ပြန်လည်တွေ့ဆုံကြပြီး မေ ၅ရက် (အင်္ဂါနေ့) ညနေ ၅နာရီ၌ ကလောမြို့ Winner Hotel ၌ မိတ်ဆုံစားပွဲကျင်းပရန်အတွက် ရန်ကုန်မှ မေ ၁ရက်(စနေနေ့)တွင် ထွက်ခွာမည်ဖြစ်ရာ ဒေါ်တင်မျိုးအေး ဖုန်း-၀၁-၆၆၃၀၁၄၊ ဒေါက်တာခင်တာတာ ဖုန်း-၀၁-၂၉၄၀၆၀၊ ဒေါ်တင်တင်လှ ဖုန်း-၀၁-၅၅၃၈၇၁၊ ဒေါ်သီသီလွင် ဖုန်း-၀၁-၂၉၄၆၅၀၊ ဒေါ်စပ်မြနှင်း ဖုန်း-၀၉-၅၂၈၀၁၇၉၊ ဒေါက်တာခင်ခင်မြင့် ဖုန်း-၀၈၁-၅၀၂၁၀၊ ဒေါ်ဥမ္မာအောင် ဖုန်း-၀၈၁-၅၀၂၇၆တို့သို့ ဧပြီ ၂၃ရက် နောက်ဆုံးထား၍ဆက်သွယ်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။*

*(မြန်မာ့အလင်း)*

## ဇွဲမာန်စာကြည့်တိုက် (၁၀)နှစ်ပြည့်အထိမ်းအမှတ် အလှူငွေပေးအပ်လှူဒါန်းပွဲ ကံမတွင်ကျင်းပ

ကံမ ဧပြီ ၉

မကွေးတိုင်း ကံမမြို့နယ် ဇွေးမိရွာတွင် ဇွဲမာန်စာကြည့်တိုက် (၁၀)နှစ်ပြည့် အထိမ်းအမှတ် အလှူငွေပေးအပ်လှူဒါန်းပွဲကို မတ် ၂၇ရက် ည ၇နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာပြည်သူများက အကများဖြင့် ကပြဖျော်ဖြေကြကာ မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးချန်ထွန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကျေးရွာရပ်မိရပ်ဖ ဦးမြင့်အောင်က ကျေးရွာအကြောင်းသမိုင်းအကျဉ်း၊ စာကြည့်တိုက်ကော်မတီမှ ဦးဝဏ္ဏက စာကြည့်တိုက်ဖြစ်ပေါ်လာပုံအကြောင်း၊ စာကြည့်တိုက်ကော်မတီမှ ဦးအောင်ကျော်သူက စာကြည့်တိုက်ဆောက်လုပ်ခဲ့သည့် ရည်ရွယ်ချက်နှင့်ပတ်သတ်၍ ပြောကြားကြသည်။

### လှူဒါန်းပေးအပ်

လှူဒါန်းပေးအပ်ပွဲကျင်းပရာ စာကြည့်တိုက်ငွေပဒေသာပင်အတွက် အလှူရှင် ၁၉ဦးတို့က အလှူငွေကျပ် ၁၉၀၀၀၀၊ အလှူရှင် ၁၂ဦးက စာအုပ်မျိုးစုံ ၂၅၇အုပ်ကို လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံယူသည်။ (ဝဲပုံ) (ခရိုင် ပြန်/ဆက်)

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် ➤ စုစည်းသည်

### ပါလက်စတိုင်း၌ ဥမင်လိုဏ်ခေါင်း ပြိုကျ

*ပါလက်စတိုင်း ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်းတွင် ဧပြီ ၉ရက်၌ မြေအောက်ဥမင်လိုဏ်ခေါင်းတစ်ခုပြိုကျရာ ပါလက်စတိုင်းနှစ်ဦးသေဆုံးခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။*

### နေတိုး ရဟတ်ယာဉ်တစ်စင်း အာဖဂန်၌ ပစ်ချခံရ

*အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်း ဇာဘူးလ်ပြည်နယ်တွင် နေတိုးစစ်ရဟတ်ယာဉ်တစ်စင်းကို ဧပြီ ၉ရက်၌ တာလီဘန်လက်နက်ကိုင်များက ပစ်ချခဲ့ကြောင်း၊ ရဟတ်ယာဉ်ထိမှန်ပျက်ကျခဲ့ပြီး နေတိုးတပ်ဖွဲ့ဝင်လေးဦးသေဆုံးခဲ့ကြောင်း အာဖဂန်နစ္စတန်အရာရှိများက ပြောကြားသည်။* ***(အောက်ပုံ)***

### အီရန်နျူကလီးယားပြဿနာ တွေ့ဆုံဆွေးနွေးမည်

*အီရန်နိုင်ငံ၏ နျူကလီးယားကိစ္စကို ဂျာမနီနိုင်ငံနှင့်အတူ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အမြဲအဖွဲ့ဝင်များနှင့်တွေ့ဆုံဆွေးနွေးပွဲတစ်ရပ် ကျင်းပသင့်ကြောင်း တရုတ်အရာရှိများက ဧပြီ ၉ရက်၌ သတင်းထုတ်ပြန်သည်။*

### အီရန် ကမ္ဘာ့အင်အားကြီးနိုင်ငံ ဖြစ်ရမည်

*အီရန်နိုင်ငံကို ကမ္ဘာပေါ်တွင် ကာကွယ်ရေးအင်အားအကြီးဆုံးနိုင်ငံအဖြစ် ရပ်တည်အောင် ကြိုးစားတည်ဆောက်သွားမည်ဖြစ်ရာ မကြာမီကပင် အီရန်ရေပိုင်နက်အတွင်း စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့ကြောင်း အီရန်အရာရှိများက ဧပြီ ၉ရက်၌ ပြောကြားသည်။*

### စပိန်နှင့်ဗြိတိန်အဲဝေးတို့ ပူးပေါင်းမည့်သဘောတူစာချုပ်

*ဗြိတိန်နှင့် စပိန်အဲဝေး အိုဘီရီရာတို့သည် ဥရောပတွင် တတိယမြောက် အကြီးဆုံးလေကြောင်းလိုင်းအဖြစ် ပူးပေါင်းလက်တွဲဆောင်ရွက်ရန် သဘောတူညီမှုစာချုပ်ကို ဧပြီ ၉ရက် နံနက်က နှစ်ဖက်ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးခဲ့ကြောင်း စပိန်အရာရှိများက ပြောကြားသည်။*

### တရုတ်၌ မူးယစ်ဆေးမှောင်ခိုမှုဖြင့် သုံးဦးပြစ်ဒဏ်ခံရ

*တရုတ်နိုင်ငံသို့ တရားမဝင်မူးယစ်ဆေးမှောင်ခိုတင်သွင်းသူ ဂျပန်နိုင်ငံသားသုံးဦးအား တရုတ်အရာရှိများက ဧပြီ ၉ရက်၌ ပြစ်ဒဏ်များချမှတ်လိုက်ကြောင်း၊ ၎င်းတို့ကို တရုတ်နိုင်ငံလျှောင်နင်းလေဆိပ်၌ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။*

### ဂျာဗားကျွန်းကမ်းလွန်၌ မုန်တိုင်း တိုက်ခတ်

*အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းကမ်းလွန်တွင် ဧပြီ ၉ရက် နံနက်က တစ်နာရီ မိုင် ၈၀နှုန်းရှိသည့် မုန်တိုင်းတိုက်ခတ်ရာ ဂျာဗားကျွန်းရှိ နေအိမ်အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။* ***(အောက်ပုံ)***

### တိုကျို၌ တူနာငါးရောင်းချမှု ပိတ်ပင်

*ဂျပန်နိုင်ငံတိုကျိုမြို့ဈေးကွက်တွင် တူနာငါးရောင်းချမှုမှာ တစ်နေ့လျှင် တန် ၂၀၀၀အထိရှိနေသဖြင့် ငါးမျိုးတုံးမှုမှကာကွယ်ရန် ယခုအခါ ဂျပန်အစိုးရက တူနာငါးများ ရောင်းချမှုကို ဧပြီ ၉ရက်မှ စတင်ပိတ်ထားကြောင်း ဂျပန်အစိုးရက သတင်းထုတ်ပြန်သည်။* *(အင်တာနက်)*

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
# အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံပါလီမန်များ အဖွဲ့တို့၏ ဆွေးနွေးပွဲသို့တက်ရောက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံပါလီမန်များ အဖွဲ့တို့၏ဆွေးနွေးပွဲသို့ တက်ရောက်လာရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧပြီ ၈ရက် ညနေပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Centre (NCC) တတိယထပ်ရှိ အခန်းအမှတ် (၃၃၉)၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံပါလီမန်များအဖွဲ့တို့၏ဆွေးနွေးပွဲသို့ တက်ရောက်သည်။

## တက်ရောက်

အဆိုပါ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံ ပါလီမန်များအဖွဲ့တို့၏ ဆွေးနွေးပွဲသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ်ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှား သမ္မတနိုင်ငံသမ္မတဒေါက်တာ ဆူဆီလို ဘန်ဘန်း ယူဒိုယိုနို၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက်နာဂျစ် ဘင်ထွန်းဟာဂျီအဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတမဒမ်ဂလိုရီယာ မာကါပါကဲလ်အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံပါလီမန်အမတ်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံ အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် မွန်းလွဲ ၂နာရီခွဲမှစတင်၍ ဆွေးနွေးပွဲကျင်းပမည့် National Convention Centre (NCC) သို့ရောက်ရှိလာကြရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက ကြိုဆိုနှုတ်ဆက်သည်။

## အမှာစကားပြောကြား

အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံပါလီမန်များအဖွဲ့တို့၏ ဆွေးနွေးပွဲကို ညနေ ၃နာရီတွင် ကျင်းပရာ ရှေးဦးစွာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အာဆီယံပါလီမန် အမတ်များ ဥက္ကဋ္ဌနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Mr.Nguyen Phu Trong က အာဆီယံပါလီမန်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ပွင့်လင်းစွာဆွေးနွေး

ယင်းနောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများက မိမိတို့၏ အမြင်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## ဆွေးနွေးပွဲကျင်းပ

**အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံပါလီမန်များအဖွဲ့တို့၏ ဆွေးနွေးပွဲကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Centre (NCC) ၌ ကျင်းပစဉ်။** (သတင်းစဉ်)

# ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ထူပါရုံကျောက်စာအတွဲ (၂) ပုံနှိပ်ထုတ်ဝေ

ရန်ကုန် ဧပြီ ၉

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ထူပါရုံကျောက်စာအတွဲ (၂)ကို ပုံနှိပ်ထုတ်ဝေလိုက်သည်။ မြန်မာ့သမိုင်းနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေးလုပ်ငန်းတွင် ကမ္ပည်းကျောက်စာများသည် အခိုင်မာဆုံးသောအထောက်အထားများဖြစ်သဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာနသည် အောက်ဖော်ပြပါ ကမ္ပည်းကျောက်စာ စာအုပ်များကို ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်သည်-

| | |
|---|---|
| - အထက်မြန်မာပြည်၌ စုဆောင်းထားသော ကျောက်စာများ၊ အတွဲ (၁) | |
| - အထက်မြန်မာပြည်၌ စုဆောင်းထားသော ကျောက်စာများ၊ အတွဲ(၂) | ၁၉၀၃ |
| - ပုဂံ၊ ပင်းယ၊ အင်းဝကျောက်စာ | ၁၈၉၃ |
| - ပုဂံကျောက်စာညွှန့်ပေါင်း | ၁၉၂၈ |
| - ပုဂံကျောက်စာလက်ရွေးစင် | ၁၉၅၈ |
| - ဘိုးတော်ဘုရားမန္တလေးကျောက်စာများ | ၁၈၉၇ |
| - ဘိုးတော်ဘုရားအမရပူရကျောက်စာများ | ၁၉၁၃ |
| - ရှေးဟောင်းမြန်မာကျောက်စာများ၊ ပ-တွဲ | ၁၉၇၂ |
| - ရှေးဟောင်းမြန်မာကျောက်စာများ၊ ဒု-တွဲ | ၁၉၈၂ |
| - ရှေးဟောင်းမြန်မာကျောက်စာများ၊ တ-တွဲ | ၁၉၈၃ |
| - ရှေးဟောင်းမြန်မာကျောက်စာများ၊ စ-တွဲ | ၁၉၉၈ |
| - ရှေးဟောင်းမြန်မာကျောက်စာများ၊ ပ-တွဲ | ၁၉၉၈ |



၂၀၀၉ခုနှစ် စက်တင်ဘာတွင် ထူပါရုံကျောက်စာအတွဲ (၁) စာအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်သည်။ ထူပါရုံကျောက်စာအတွဲ(၁)တွင် ကျောက်စာပေါင်း (၅၂)ချပ်ပါဝင်ပြီး အစောဆုံးသက္ကရာဇ် (၆၇၄)ခုနှစ်၊ ပင်းယခေတ် သီဟသူလက်ထက်မှ၊ နောက်အကျဆုံး သက္ကရာဇ် (၁၁၄၆) ခုနှစ်၊ အမရပူရ ဘိုးတော်ဘုရား လက်ထက်အထိ ကျောက်စာများပါဝင်သည်။

ယခုတစ်ဖန် ထူပါရုံကျောက်စာအတွဲ(၂) စာအုပ်ကို ပုံနှိပ်ထုတ်ဝေလိုက်သည်။ ထူပါရုံကျောက်စာ အတွဲ(၂)တွင် ကျောက်စာပေါင်း (၄၃) ချပ်ပါဝင်ပြီး သက္ကရာဇ် (၅၃၃) ခုနှစ်မှ သက္ကရာဇ် (၁၁၂၄-၁၁၂၇)အထိ ကျောက်စာများပါဝင်သည်။

ထူပါရုံကျောက်စာအတွဲ (၂)စာအုပ်ကို ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနနှင့် ရန်ကုန်၊ မန္တလေးဌာနခွဲများတွင် လည်းကောင်း၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်တို့တွင် လည်းကောင်း ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၀-၄-၂၀၁၀ (စနေနေ့)**

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ် ဇောရွှက်သုတ်၊ ပုဗ္ဗဏှသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ အကြောင်းစုံမှအကောင်းစုံမည့် တရားတော်(အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
- ၆:၄၅ ထင်ရှားတည်ရှိ မြင်းမထိ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (ပဥ္စမအကြိမ်သုတစွယ်စုံစာပေဆု ဆုချီးမြှင့်ပွဲအခမ်းအနား)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၆)
- ၈:၃၀ Sports World (Cender Counter)
- ၈:၅၅ ခါသကြီန်အဆိုအက
- ၉:၀၅ Activities in the City **သင်္ကြန်အတွက် ရေစိုခံ SONY TX5 Camera**
- ၉:၃၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၁၅ Omega-3 Fatty Acids
- ၁၀:၄၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (လိမ္မော်ဂျယ်လီမစ်ရှိတ်၊ ကျောက်ကျော၊ နို့သစ်ခွကျောက်ကျော)
- ၁၀:၅၅ သာယာဖွံ့ဖြိုး‥‥ တိုးတက်ဝေစည်‥‥ဧည့ဝတီ
- ၁၁:၂၀ သွားမယ်စားမယ် (XO XO Cafe' European Hot Pot)
- ၁၁:၅၀ ရာဇဝင်မြစ်ကမ်းပေါ်မှ ‥‥ နားခိုရာ
- ၁၂:၂၀ Hand Phone နဲ့သင်္ကြန်
- ၁၂:၄၀ ခါသကြီန်အဆိုအက
- ၁:၀၀ အကြောင်းစုံမှအကောင်းစုံမည့် တရားတော်(အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (သင်္ကြန်ဖက်ရှင်-၁)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၆)
- ၄:၀၅ ခါသကြီန်အဆိုအက
- ၄:၁၅ သဘာဝကပေးသော လက်ဆောင်များ
- ၄:၃၀ Activities in the City **သင်္ကြန်အတွက် ရေစိုခံ SONY TX5 Camera**
- ၄:၄၀ Omega-3 Fatty Acids
- ၄:၅၅ ရန်ကုန်မြင်ကွင်းကျယ် (ပဥ္စမအကြိမ် သုတစွယ်စုံစာပေဆု ဆုချီးမြှင့်ပွဲအခမ်းအနား)
- ၅:၂၀ ခါသကြီန်အဆိုအက
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သံစဉ်စာသားဖန်တီးသူများ (တေးရေးစောရူဆဲနှင့်တွေ့ဆုံခြင်း)
- ၆:၄၀ FA Cup Preview
- ၆:၅၅ Fashion Music Festival (သင်္ကြန်ဖက်ရှင်-၁)
- ၇:၂၅ သွားမယ်စားမယ် (XO XO Cafe' European Hot Pot)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ရန်ကုန်မြင်ကွင်းကျယ် (Software & Solution Exhibition & Myannar ICT Awards 2009)
- ၉:၀၀ Hand Phone နဲ့သင်္ကြန်
- ၉:၁၀ သံစဉ်စာသားဖန်တီးသူများ (တေးရေးစောရူဆဲနှင့်တွေ့ဆုံခြင်း)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၆)
- ၁၀:၀၀ ရာဇဝင်မြစ်ကမ်းပေါ်မှ … နားခိုရာ
- ၁၀:၃၀ FA Cup (Aston Villa Vs Chelsea)
- ၁၂:၃၀ သွေးချင်းတို့ဆီအရောက်သွားမည်
- ၁၂:၃၅ တစ်ကွင်းတစ်စပ်မြစ်ရေတင်လုပ်ငန်းများ
- ၁၂:၄၅ မြန်မာ့အနုပညာပန်း ငွေထည်လုပ်ငန်း

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**Barclays Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈:၂၅ | West Ham-Sunderland<br>Hull City-Burnley | ESPN(Live)<br>Star Sports (Live) |

**FA Cup ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁၀:၃၀ | Aston Villa-Chelsea | Star Sports (Live) |

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၏ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်

**ညစာစားပွဲ တက်ရောက်**

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၏ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၉

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧပြီ ၈ရက် ည ၇နာရီခွဲတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ Melia Hanoi Hotel ပထမထပ်ရှိ Ballroom ၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၏ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်သည်။**

**တက်ရောက်**

အဆိုပါ အလုပ်သဘောညစာစားပွဲသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီဟာဆာနာလ်ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက် နာဂျစ်ဘင်ထွန်း ဟာဂျီအဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မဒမ်ဂလိုရီယာ မာဂါပါကဲလ်အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများက အာဆီယံနိုင်ငံများအချင်းချင်း အပြုသဘောဆောင်သည့် အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်၏ ပဥ္စမအဆင့်ဖြစ်သည့် အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ခုနှစ်တွင် ကျင်းပရန် အစိုးရက ကြေညာခဲ့မှု၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ(၅)ရပ်ပြဋ္ဌာန်းခဲ့မှု၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဖွဲ့ဝင်၁၇ဦး ပါဝင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းခဲ့ပြီး တာဝန်ပေးအပ်ခဲ့မှု၊ ရွေးကောက်ပွဲကော်မရှင်မှ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနှင့် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးသည့် လုပ်ငန်းစဉ်များကို ကြီးကြပ်သွားမည့် အခြေအနေ၊ ယခုအခါ နိုင်ငံရေးပါတီများက ပါတီမှတ်ပုံတင်ရေးနှင့် ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရွေးကောက်ပွဲဥပဒေများသည် မြန်မာနိုင်ငံရှိ ပြည်သူများတစ်ခဲနက်ထောက်ခံအတည်ပြုပေးခဲ့သည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရေးဆွဲပြဋ္ဌာန်းထားမှုများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို အသိပေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ အလုပ်သဘောညစာစားပွဲကို အတူတကွ သုံးဆောင်သည်။ **(သတင်းစဉ်)**

## News Watch စောင့်ကြည့်ဂျာနယ် အတွဲ(၅)၊ အမှတ်(၃၇) ဖြန့်ချိ

**ရန်ကုန် ဧပြီ ၉**

စောင့်ကြည့်ဂျာနယ်တွင် ယခုအပတ်၌ ကားအရောင်းအဝယ်ဈေးကွက်အကြောင်း၊ သင်္ကြန်ရေကစားမဏ္ဍပ်တွင် ကြော်ငြာပါက စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ရန်ကုန်ရုံး၌ဌာနသို့ ဆက်သွယ်ပြီး အခွန်ပေးဆောင်ရမည်၊ မပေးဆောင်က ဒဏ်ငွေ ငါးဆပေးရမည်၊ ဆယ်သိန်းပေးလျှင် တယ်လီဖုန်း အင်တာနက်နှင့်ရုပ်သံလိုင်းများသုံးနိုင်မည်၊ အက်ပဲလ်ရဲ့ စာအုပ်သို့မဟုတ် ipadကို လေ့လာပါ၊ သင်္ကြန်ကာလ အရက်ဘီယာလမ်းပေါ်ရောင်းလျှင် ပြစ်ဒဏ်နှစ်ရပ် ချမှတ်မည်၊ အင်းလျားနှင့် ကန်တော်ကြီးတို့မှ ခွင့်မပြုဘဲ ရေယူကစားလျှင် အရေးယူမည်၊ နှစ်ဆန်းတစ်ရက်နေ့ ငါးလွှတ်ပွဲတွင် ငါးလွှတ်ရန် ငါးလုပ်ငန်းဦးစီးဌာနမှ ရောင်းချပေးမည်။

သင်္ကြန်ရက်အတွင်း ကံကောင်းလိုသူများအတွက် ဇင်ယော်နီက အတိတ်ကောင်း နိမိတ်ကောင်းလာဘ်ဝင်ရန်ပေးထား၊ ဆရာစံဇာဏီဘို၏ ခုနှစ်ရက်သားသမီးအတွက် ယတြာကောင်းများ၊ စာရေးဆရာမန်းတင်၏ ရွေးကောက်ပွဲအကြောင်း၊ ပုဆိုး၊ ထဘီမဝတ်ကြတော့တဲ့ မြန်မာပြည်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ ကွမ်းမစားရ၊ အချစ်မှာ ကန့်သတ်ချက်မရှိဘူးဆိုတဲ့ ကိုရီးယားမင်းသား ကင်ဘမ်၊ ကိုရီးယားမှ Big Bangအဖွဲ့၊ အကယ်ဒမီလူမင်း-ခင်စံပယ်ဦးတို့ ဝေရက်လူမင်းကို မွေးဖွားလိုက်ပြီ၊ အစာအိမ်ရောဂါ ဘာကြောင့်ဖြစ်၊ တက္ကစီငှားစီးပြီး တက္ကစီမောင်းသူကို ဓားပြတိုက်၊ မိမိကိုယ်ကို ဓားဖြင့်ထိုးသဖြင့်အရေးယူခံရ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အခါတွင်း သင်္ဘောငါးစင်း ထပ်ပြေးဆွဲ၊ ငွေသေတ္တာပုံးတပ်ဆင်ပြေးဆွဲသည့်ကား နောက်ထပ်အစီး ၂၀ ထပ်တိုးချဲ့၊ ပါကစ္စတန် ခရစ်ကက်သမားနှင့် အိန္ဒိယတင်းနစ်မယ်တို့ လက်ထပ်ပွဲ ပျက်တော့မည်၊ ဘရာဇီးမှာ မိုးသည်းထန်ပြီး မြေပြို လူ ၁၀၀ကျော် သေဆုံး၊ အင်ဒိုနီးရှားတွင် အင်အားပြင်းငလျင်လှုပ်ပြန်ပြီ စသည့်သတင်းများနှင့် News Watch(စောင့်ကြည့်) အတွဲ(၅)၊ အမှတ်(၃၇)ထွက်ရှိနေပြီဖြစ်သည်။ **(သတင်းစဉ်)**

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် အလုပ်သမားရေးရာ အခြေခံအင်္ဂလိပ်စာသင်တန်း (၁/၂၀၁၀) ဆင်းပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

## သတ္တုတွင်းတစ်ခု အောင်မြင်စွာ တူးဖော်ခြင်းအကြောင်း ဟောပြောမည်

**ရန်ကုန် ဧပြီ ၉**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း သတ္တုတူးဖော်ရေး အင်ဂျင်နီယာပညာရပ်အဖွဲ့က ကြီးမှူးကျင်းပသော သတ္တုတွင်းတစ်ခု အောင်မြင်စွာ တူးဖော်ခြင်းအကြောင်း နည်းပညာဆိုင်ရာ ဟောပြောပွဲကို ဧပြီ ၂၄ရက် (စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ တက္ကသိုလ်များ လှိုင်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းအဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။

သတ္တုသိုက်တစ်ခုကို အောင်မြင်သော သတ္တုတွင်းတစ်ခုဖြစ်စေရန် နည်းစနစ်မှန်ကန်စွာ လုပ်ကိုင်ဆောင်ရွက်ခြင်းခေါင်းစဉ်ဖြင့် ပါမောက္ခဒေါက်တာ အောင်ရှိန်နှင့် ဦးဝင်းမြင့်လောတို့က ဟောပြော ဆွေးနွေးကြမည်ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

စီးပွားဖြစ်တူးဖော်လုပ်ကိုင်နိုင်မည့် အဆင့်ထိ ရောက်ရှိအောင် သတ္တုသိုက်တစ်ခုကို စနစ်တကျ စူးစမ်းလေ့လာရှာဖွေခြင်း၊ အတည်ပြုခြင်းတို့မှအစ ငွေရေးကြေးရေး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ Mine Design ရေးဆွဲရာတွင် စဉ်းစားတွက်ချက်ရသည့် အချက်များအပါအဝင် အရှုံးအမြတ်အပေါ် ခန့်မှန်းနည်းလမ်းနှင့် ဆုံးဖြတ်ချက်ချနိုင်မည့် အခြေခံအချက်များကို ဆွေးနွေးမည်ဖြစ်ရာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဝင်များ၊ မျိုးဆက်သစ် အင်ဂျင်နီယာများ၊ သတ္တုတွင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံလိုသူများ တက်ရောက် ဆွေးနွေးနိုင်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**သဃ်္ဃန်းကျွန်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးဉာဏ်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးခင်မောင်ထွန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ငမိုးရိပ်ရပ်ကွက်ဥက္ကဋ္ဌ ဦးအေးသန်းနှင့်အဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ခွဲမှူး ဦးအေးမြင့်နှင့်တပ်ဖွဲ့ဝင်များ ဧပြီ ၄ရက်က ငမိုးရိပ်ရပ်ကွက်လူနေအိမ်များနှင့် မီးဖိုမီးနှင့် ချက်လုပ်ရောင်းချသော ဆိုင်ခန်းများကို မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးကြစဉ်။** (၁၂၁)

## အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ အခြေခံအင်္ဂလိပ်စာ သင်တန်းဆင်း

**နေပြည်တော် ဧပြီ ၉**

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ အခြေခံအင်္ဂလိပ်စာသင်တန်း (၁/၂၀၁၀) ဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး စုဝေးခန်းမ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် တက်ရောက်၍ အမှာစကား ပြောကြားပြီး သင်တန်းတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

**ပေးအပ်**

ထို့နောက် ဗဟိုဝါဏိဇ္ဇ ပဋိပက္ခမှု ကော်မတီရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းက သင်တန်းအောင်လက်မှတ်များကို သင်တန်းသားများထံ ပေးအပ်သည်။

**သင်ကြားပေးခဲ့**

အဆိုပါသင်တန်းကို ဇန်နဝါရီ ၂၁ရက်မှ ဧပြီ ၉ရက်အထိ ရက်သတ္တ ၁၁ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာဆီယံအသိုက်အဝန်း လမ်းပြမြေပုံနှင့် အာဆီယံပဋိဉ
# အကောင်အထည်ဖော်ဆောင်ရွက်ရေး အမြင်ချင်းဖလှ

ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာဂါပါကဲလ် အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

## ဂုဏ်ပြုသီဆို

အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ (၁၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ညနေ ၃နာရီ ၄၅ မိနစ်တွင် Main Meeting Hall ၌ ကျင်းပရာ ရှေးဦးစွာ ယဉ်ကျေးမှုအကအဖွဲ့နှင့် ကျောင်းသား၊ ကျောင်းသူများက အာဆီယံသီချင်းဖြင့် ဂုဏ်ပြုသီဆိုကြသည်။

## မိန့်ခွန်းပြောကြား

ထို့နောက် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက အဖွင့်မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မ
အဖွဲ့ဝင်များက ရိုးရာယဉ်ကျေးမှုအကပဒေသာမျ
ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## သဘာပတိ

ဆက်လက်၍ (၁၆)ကြိမ်မြောက် မျက်နှာစုံဉ
အဝေးကို ညနေ ၄ နာရီ ၄၅ မိနစ်တွင် Natio
(NCC) ဒုတိယထပ်ရှိ အခန်းအမှတ်(၂၄၁)၌ က
ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာ ငုယင်
ဆောင်ရွက်သည်။

ရှေးဦးစွာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတ
ငုယင်တန်ဇွန်းက အဖွင့်အမှာစကားပြောကြားသ

## အမြင်ချင်းဖလှယ်

ထို့နောက် အာဆီယံနိုင်ငံ အကြီးအကဲနှင့် 
အာဆီယံအသိုက်အဝန်း လမ်းပြမြေပုံနှင့် အာဆီယံ
အထည်ဖော်ဆောင်ရွက်ရေး၊ အာဆီယံဒေသတွင်း
ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

**(၁၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

✱ *ကျောဖုံးမှ*

## တက်ရောက်

အဆိုပါ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ (၁၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားနှင့် (၁၆)ကြိမ်မြောက် မျက်နှာစုံညီအာဆီယံထိပ်သီးအစည်းအဝေးများသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက် နာဂျစ်ဘင်ထွန်း ဟာဂျီအဗ္ဗဒူရာဇတ်၊

## စာပေဗိမာန်ထုတ် သုတပဒေသာစာစောင်ဖြန့်ချိ

*ရန်ကုန် ဧပြီ ၉*

*ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေသော ဧပြီလထုတ် သုတပဒေသာစာစောင် အတွဲ(၃၇)၊ အမှတ်(၄)ကို ဘာသာပြန်စိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။*

*အကြောင်းအရာမျိုးစုံပါ*

*ယခုလထုတ် သုတပဒေသာစာစောင်တွင် ပါရဂူ၊ ဌေးမောင်၊ ဒေါက်တာကျော်စိန်၊ မြတ်ငြိမ်း၊ တင်မောင်မြင့်၊ မောင်ပေါ်ထွန်း၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ မောင်မြင့်ကြွယ်၊ ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာလှဖေ၊ ဒေါက်တာလွှမ်းမိုးဟန်၊ မြသင်းဟန်၊ ဆောင်းဝင်းလတ်၊ ပါမောက္ခ ဒေါက်တာအောင်မြင့်ဦး(မြန်မာစာ)၊ ဒေါက်တာမြင့်သန်း(သန္ဓေသား)၊ မောင်သိန်းလှိုင်၊ မင်းကြော့ရှိန်၊ ကေကေ(မဟာဝိဇ္ဇာ)၊ မြင့်ဦးမောင်၊ တက္ကသိုလ်ဟန်စိုးဦး၊ မြတ်မင်း၊ ခင်စောတင့်၊ အောင်သန်း(ဝါးခယ်မ)၊ မောင်ဝင်းသူ(ဝါးခယ်မ)၊ ကျော်စိန်ညွန့်၊ စိုးသီဟနောင်၊ ကံမြင့်(ရေဒါ)၊ စိန်ဝင်းနွယ်၊ တင်ကြည်အောင်(တွံတေး)၊ စိန်ဝင်းမော်၊ အောင်ဝေ၊ မောင်မဟာ၊ တက္ကသိုလ်မောင်တံခွန်၊ ထက်မြက်(စမ်းချောင်း) တို့၏ဘာသာပြန်ကဗျာ၊ ဆောင်းပါးနှင့်ဝတ္ထုများဖြစ်သည့် နံရံထဲကအပေါက်(သို့) အိန္ဒိယ၏ အိုင်တီမျိုးဆက်၊ အယ်လ်ဇိုင်းမားရောဂါကို ကာကွယ်နိုင်သလား၊ ကြောက်စိတ်ကို အောင်နိုင်ခြင်း၊ အိပ်မက်ထဲက ဆရာဝန်ဘဝ၊ ဂေါက်သီးသမားများအတွက် ယောဂကျင့်စဉ်၊ အင်္ဂလိပ်စာသုတ၊ တရုတ်နက္ခတ္တဗေဒင်ပညာစသည်တို့အပြင် လစဉ်ပါနေကျ ဟာသ၊ သတင်းသုတ၊ ထူးဆန်းထွေလာ ဤမြေကမ္ဘာ၊ ကမ္ဘာ့မှုးယစ်ဆေးဝါးသတင်း အစရှိသော ဗဟုသုတဖြစ်ဖွယ်၊ သိမှတ်ဖွယ် သုတ၊ ရသ အကြောင်းအရာမျိုးစုံပါရှိသည်။*

*ဆက်သွယ်ဝယ်ယူနိုင်*

*အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၈၀၀နှုန်းဖြင့် နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန်အရောင်းဌာန အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။*

*(သတင်းစဉ်)*

**(၁၆)ကြိမ်မြောက် မျက်နှာစုံညီ အာဆီယံထိပ်သီးအစည်းအဝေးသို့ အာဆီယံ
အကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ တက်ရောက်ကြစဉ်။**

## မြန်မာဩဘလုပ်ငန်းစု အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဧပြီ ၉**

မြန်မာဩဘလုပ်ငန်းစုကုမ္ပဏီလီမိတက်၏ (၁၅)နှစ်မြောက်အထိမ်းအမှတ်နှင့် ၂၀၀၉-၂၀၁၀ ခုနှစ် အရောင်းကိုယ်စားလှယ်ကြီးများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဧပြီ ၈ရက် ညနေပိုင်းက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

### ဆုများချီးမြှင့်

အခမ်းအနားတွင် မြန်မာဩဘလုပ်ငန်းစုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသတိုးဟိန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် မန်နေဂျင်းဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များက တိုင်း/ဒေသအလိုက် ရောင်းအားအကောင်းဆုံးဆုရရှိသူ အရောင်းကိုယ်စားလှယ်ကြီးများနှင့် တိုးချဲ့ထားသည့် အရောင်းကိုယ်စားလှယ်များထဲမှ ရောင်းအားအကောင်းဆုံးဆု ရရှိကြသူများကို ဆုများချီးမြှင့်ကြသည်။

### ဆက်သွယ်နိုင်

မြန်မာဩဘလုပ်ငန်းစုကုမ္ပဏီလီမိတက်က အရည်အသွေးကောင်းမွန်၍ အာမခံချက်ရှိသည့် ပိုးသတ်ဆေးများ၊ ရောဂါသတ်ဆေးများ၊ ပေါင်းသတ်ဆေးများ၊ အပင်ဟော်မုန်းဆေးများ၊ အရွက်ဖျန်းမြေဩဇာများ၊ ဓာတ်မြေဩဇာနှင့် မျိုးစေ့များကို ဖြန့်ချိလျက်ရှိပြီး ဆက်သွယ်လိုသူများသည် အမှတ်၃၃ ရွှေပိတောက်ရိပ်မွန် ဘုရင့်နောင်လမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၃၈၀၉၇၊ ၀၁-၅၃၈၇၉၁ နှင့် ၀၁-၅၂၇၀၈၂တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မဟာသင်္ကြန်ပွဲတော်ရက်များအတ
## ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့်
## အရေးကြီးနယ်မြေများ၌ ၂၄နာရီ ရေပေ

**ရန်ကုန် ဧပြီ ၉**

မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အရေးကြီးနယ်မြေများ၌ ၂၄ နာရီ ရေပေးထားမည်ဖြစ်ပြီး သင်္ကြန်အကျနေ့ (ဧပြီ ၁၄ ရက်)၊ သင်္ကြန်အကြတ်နေ့ (ဧပြီ ၁၅ရက်)နှင့် သင်္ကြန်အတက်နေ့ (ဧပြီ ၁၆ရက်)တို့တွင် တာမွေ၊မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်နှင့် ဗိုလ်တထောင်မြို့နယ်တို့၌ ၂၄နာရီ ရေပေးဝေထားမည်ဖြစ်သည်။

### ရေပေးဝေ

ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗဟန်းနှင့် ဒဂုံမြို့နယ်များ၌ နံနက် ၇ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ၆ နာရီအထိ တစ်ကြိမ် ရေပေးဝေသွားမည်ဖြစ်ပြီး အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်တို့၌ နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရေပေးဝေသွားမည်ဖြစ်သည်။

မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်
ဥက္ကလာပ၊ တောင်ဥက္ကလာပ
ဒေါပုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင
နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)
ဝေချိန်အတွင်း ပေးဝေမည်ဖြ
နစ်ဆန်း တစ်ရက်)မှစ၍ မြ
အတိုင်း ရေပေးဝေသွားမည်

### အကူအညီ

သတ်မှတ်ရေပေးဝေ
အရေးပေါ်ပြင်ဆင်ရန်လိုအပ်
စည်ပင်သာယာအုပ်ချုပ်ရေးမှ
အင်ဂျင်နီယာဌာန(ရေနှင့်သန့်
အညီတောင်းခံနိုင်ပြီး ရန်ကုန်
ကော်မတီ အင်ဂျင်နီယာဌာန
၂၄၉၆၅၅၊ ၂၄၃၅၅၀၊ ၃၈၂၉
တို့သို့ ဆက်သွယ်အကူအညီ
ရရှိသည်။

10-4 (08-09).pmd 1 4/10/2010, 2:57 AM

# ...်းပြုမြေပုံနှင့် အာဆီယံပင်္ဂိုညာဉ်စာတမ်း ...ရွက်ရေး အမြင်ချင်းဖလှယ်ဆွေးနွေး

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ယဉ်ကျေးမှုအက အဖွဲ့ဝင်များက ရိုးရာယဉ်ကျေးမှုအကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သဘာပတိ**

ဆက်လက်၍ (၁၆)ကြိမ်မြောက် မျက်နှာစုံညီ အာဆီယံထိပ်သီး အစည်းအဝေးကို ညနေ ၄ နာရီ ၄၅ မိနစ်တွင် National Convention Centre (NCC) ဒုတိယထပ်ရှိ အခန်းအမှတ်(၂၄၁)၌ ကျင်းပရာ အိမ်ရှင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာ ငုယင်တန်ဇွန်းက သဘာပတိအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက အဖွင့်အမှာစကားပြောကြားသည်။

**အမြင်ချင်းဖလှယ်**

ထို့နောက် အာဆီယံနိုင်ငံ အကြီးအကဲနှင့် အစိုးရအဖွဲ့အကြီးအကဲများက အာဆီယံအသိုက်အဝန်း လမ်းပြမြေပုံနှင့် အာဆီယံ ပင်္ဂိုညာဉ်စာတမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အာဆီယံဒေသတွင်း ပေါင်းစပ်ဆက်သွယ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

...မျက်နှာစုံညီ အာဆီယံထိပ်သီးအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီး ...ဦးအကဲများ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

# ...တသင်္ကြန်ပွဲတော်ရက်များအတွင်း ...ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ...နယ်မြေများ၌ ၂၄နာရီ ရေပေးထားမည်

**ရန်ကုန် ဧပြီ ၉**

...၇၁ခုနှစ် မဟာသင်္ကြန်ပွဲတော် ...ဉ်သူ့ဆေးရုံကြီးနှင့် အရေးကြီး ...ရပေးထားမည်ဖြစ်ပြီး သင်္ကြန် ...၊ သင်္ကြန်အကြတ်နေ့ (ဧပြီ ...ာ်နေ့ (ဧပြီ ၁၆ရက်)တို့တွင် ...ဇွန်တောင်နှင့် ဗိုလ်တထောင် ...ပေးဝေထားမည်ဖြစ်သည်။

**...ပေးဝေ**

...ဘဲတန်း၊လသာ၊လမ်းမတော်၊ ...နက် ၇ နာရီမှ ၁၁ နာရီအထိ ...မှ ၆ နာရီအထိ တစ်ကြိမ် ... အလုံ၊ ကြည့်မြင်တိုင်နှင့် ...က် ၇ နာရီမှ ၁၀ နာရီအထိ ...ည်။ ...န်၊ မရမ်းကုန်း၊ ရန်ကင်း၊ ...ယာ၊ ရွှေပြည်သာ၊ မြောက်

ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သဃ်္ဃန်းကျွန်း၊ သာကေတ၊ ဒေါပုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်များသို့ မူလ ရေပေးဝေချိန်အတွင်း ပေးဝေမည်ဖြစ်ပြီး ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်း တစ်ရက်)မှစ၍ မြို့နယ်အားလုံးကို မူလပုံမှန်အတိုင်း ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**အကူအညီတောင်းခံနိုင်**

သတ်မှတ်ရေပေးဝေချိန်အတွင်း ရေပိုက်များ အရေးပေါ်ပြင်ဆင်ရန်လိုအပ်ပါက သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၌ တာဝန်ချထားသည့် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဝန်ထမ်းများထံ အကူအညီတောင်းခံနိုင်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဖုန်း- ၂၄၉၆၅၅၊ ၂၄၃၅၅၀၊ ၃၈၂၉၈၉၊ ၃၈၂၉၉၀နှင့် ၆၆၀၃၄၀ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

(၁၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

# မျှော်လင့်စောင့်စား ကမ္ဘာ့ဖလား စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၉**

Yangon Entertainment Co., Ltd. က 2010 FIFA World Cup မျှော်လင့်စောင့်စား ကမ္ဘာ့ဖလား စာနယ်ဇင်း ရှင်းလင်းပွဲကို ဧပြီ ၈ ရက်တွင် ရန်ကုန်မြို့ Chatrium Hotel၌ကျင်းပရာ**(အောက်ပုံ)** အခမ်းအနားတွင် ရှေးဦးစွာ Chairman ဦးလှဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် General Manager ဦးအယ်လမိန်းဒိန်က ဇွန် ၁၁ ရက်မှ ဇူလိုင် ၁၁ရက်အထိ တောင်အာဖရိကနိုင်ငံ၌ ကျင်းပမည့် 2010 FIFA World Cup South Africa ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များကို တရားဝင်မူပိုင်ခွင့်လိုင်စင် ခွင့်ပြုချက်ရရှိထားသူဖြစ်ကြောင်းနှင့် **မျှော်လင့်စောင့်စား ကမ္ဘာ့ဖလား** ရုပ်မြင်သံကြား အစီအစဉ် စီစဉ်ဆောင်ရွက်ထား ရှိမှုများနှင့် ပြသရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေါ်ဆွေဇင်ထိုက်က 2010 FIFA World Cup Exclusive Right နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Chairman ဦးလှဝင်းနှင့် Moe San Pan Group Co., Ltd Chairman ဦးဇော်မင်းအေး တို့သည် 2010 FIFA World Cup ထုတ်လွှင့်ပြသခြင်းနှင့် Sales of Commercial Airtime Opportunities & 2010 FIFA World Cup Trade Marks & Logo သုံးစွဲခွင့်ပေးအပ်ခြင်း စာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

**အပိုင်း(၁)ပြသ**

ထို့နောက် Rico & Rina Logo (Hair, Body & Skin Care) က အဓိကကူညီပံ့ပိုးသူအဖြစ် ကမ္ဘာ့ဖလားဘောလုံးပွဲမကျင်းပမီ မြန်မာဘောလုံးအားကစား ဝါသနာရှင်များအတွက် ကြိုတင်သိသင့်သိထိုက်သည့် ကမ္ဘာ့ဖလားဘောလုံးပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားကြမည့် နိုင်ငံတကာ ဘောလုံးအသင်း ၃၂ သင်းတို့၏ ခြေစစ်ပွဲအောင်မြင်ရေးအတွက် ကြိုးပမ်းခဲ့ပုံများ၊ အသင်းဖွဲ့စည်းထားမှု အခြေအနေ၊ အသင်းနည်းပြနှင့် အသင်းကို အဓိက ဦးဆောင်ကစားသွားမည့် နာမည်ကြီး ကမ္ဘာ့ကျော်ဘောလုံးကစားသမားများ အကြောင်းများကို မိတ်ဆက်သည့်အနေဖြင့် တင်ဆက်ပြသမည့် Road to the 2010 FIFA World Cup South Africa **မျှော်လင့်စောင့်စား ကမ္ဘာ့ဖလား** အပိုင်း(၁)ကို ပြသသည်။

**စီစဉ်ဆောင်ရွက်**

ယင်းရုပ်မြင်သံကြားအစီအစဉ်ကို မေလတွင် တင်ဆက်ထုတ်လွှင့်ပြသနိုင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အစီအစဉ်အပိုင်းပေါင်း ၁၆ ပိုင်းရှိပြီး အစီအစဉ်ကြာမြင့်ချိန်မှာ ၂၆ မိနစ်ရှိကြောင်း သိရသည်။

Yangon Entertainment Co., Ltd. သည် ၁၉၉၈ခုနှစ် ပြင်သစ်နိုင်ငံနှင့် ၂၀၀၆ ခုနှစ် ဂျာမနီနိုင်ငံတို့၌ ကျင်းပခဲ့သော ကမ္ဘာ့ဖလားဘောလုံးပွဲများနှင့် နိုင်ငံတကာဘောလုံးပွဲများ ထုတ်လွှင့်ပြသခဲ့ပြီး ယခု ၂၀၁၀ခုနှစ် တောင်အာဖရိကနိုင်ငံ၌ ကျင်းပမည့် 2010 FIFA World Cup South Africa ကမ္ဘာ့ဖလား ဘောလုံးပွဲစဉ်များကိုလည်း ထုတ်လွှင့်ပြသရန်မြန်မာနိုင်ငံအတွက် တစ်ဦးတည်းသော တရားဝင်မူပိုင်ခွင့်လိုင်စင် (Exclusive Copy Right Licence) ခွင့်ပြုချက်ရရှိထားသူဖြစ်ကြောင်းနှင့် 2010 FIFA World Cup စပ်လျဉ်းသည့် Trade Mark , Logo အသံ၊ အရုပ်၊ စာသားများအား စီးပွားရေးလုပ်ငန်းများတွင် ထည့်သွင်းအသုံးပြုလိုသူ လုပ်ငန်းရှင်များအနေဖြင့် Yangon Entertainment Co., Ltd. အမှတ် ၄၀၊ ၆၇လမ်း၊ ဗိုလ်တထောင် မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၄၀၄၅၊ ၂၉၀၁၇၀၊ ၂၉၁၃၁၈၊ ဖက်စ်-၂၉၆၉၂၈) နှင့် e-mail: epl @ myanmar. com. mm, ye@myanmar. com. mm သို့ အသေးစိတ် ဆက်သွယ်မေးမြန်းနိုင်ကြောင်း၊ ကြော်ငြာထည့်သွင်းလိုသူများအနေဖြင့် မိုးဆန်းပန်း၊ အမှတ် ၁၈/၅၁-အေ အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးဒေါင့်ကန်လမ်းထောင့် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉ ၈၆၂၁၆၉၄၊ ၀၉-၈၆၁၄၈၈၂၊ ၀၉-၅၁၈၅၄၃၃ တို့သို့ အသေးစိတ် ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# နိကာယ်စာမေးပွဲ ကျင်းပမည်

**နေပြည်တော် ဧပြီ ၉**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၂၀၁၀ခုနှစ် နိကာယ်စာမေးပွဲကို ဇွန် ၁ရက်မှ ၅ရက်အထိ ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်သည်။

စာမေးပွဲကျင်းပစဉ်အတွင်း သတ်မှတ်ထားသော အုပ်စုအသီးသီးတွင် ပါဝင်သော ပြဋ္ဌာန်းချက်ကျမ်းစဉ်များအလိုက် နေ့စဉ်မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့များသို့ ဆက်လက်ပေးပို့မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကုန်သည်စက်မှုအသင်းချုပ်အစည်းအဝေး ကျင်းပမည့်ရက် ပြောင်းရွှေ့

**ရန်ကုန် ဧပြီ ၉**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဧပြီ ၂၄ ရက် (စနေနေ့) နံနက် ၉နာရီတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပမည်ဟု ကြေညာထားသော်လည်း ယင်းနေ့တွင် မကျင်းပဖြစ်သဖြင့် ကျင်းပဖြစ်မည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၁၀ ခုနှစ် ဧပြီလအတွက်**

**(၁၁-၄-၂၀၁၀) ရက်နေ့ နှင့် (၂၅-၄-၂၀၁၀) ရက်နေ့**

# ထူးခြားသည့် နေ့အပူချိန် ၉-၄-၂၀၁၀

| | |
|---|---|
| ချောက်မြို့ | ၄၄ ဒသမ ၆ ဒီဂရီစင်တီဂရိတ် |
| မင်းဘူးမြို့ | ၄၄ ဒသမ ၅ ဒီဂရီစင်တီဂရိတ် |
| နေပြည်တော်(ရေဆင်း) | ၄၃ ဒီဂရီစင်တီဂရိတ် |
| ကလေးမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| ညောင်ဦးမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| ရမည်းသင်းမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| အောင်လံမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| သာယာဝတီမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |

# မင်္ဂလာနှစ်သစ်ကို ကြိုဆိုခြင်း

စန္ဒာခင်(ယဉ်ကျေးမှု)

မြန်မာတို့သည် ရိုးရာအစဉ်အလာ ဓလေ့ထုံးတမ်းများကို မြတ်နိုးခုံမင်စွာ ထိန်းသိမ်းတတ်ကြသည်။ ယနေ့ အချိန်အထိ ပုဆိုး၊ တိုက်ပုံ၊ ထဘီ၊ ပဝါ စသည့် ရိုးရာဝတ်စုံများကို အဓိကထား၍ မြတ်နိုးခုံမင်စွာ ဝတ်ဆင်နေကြသည်။ ထိုအချက်သည် လေးစားဂုဏ်ယူဖွယ်ရာ အမျိုးသားရေးလက္ခဏာ တစ်ရပ်ပင်ဖြစ်သည်။ မြန်မာနိုင်ငံသို့ လာရောက်လေ့လာကြသော ကမ္ဘာလှည့်ခရီးသည်များသည်ပင်လျှင် မြန်မာ့ရိုးရာအထည်များကို စိတ်ပါဝင်စားစွာ ဝတ်ဆင်သွားလာနေကြသည်မှာ အံ့သြဂုဏ်ယူဖွယ်ရာ ဖြစ်သည်။

မြန်မာမှုဓလေ့တွင် တစ်နှစ်ပတ်လုံး ရိုးရာပွဲတော်များ ရှိနေခြင်းကလည်း အခြားလူမျိုးတို့နှင့်မတူ အသွင်ထူးမှုတစ်ခုပင် ဖြစ်သည်။ ရှေးနှစ်ပေါင်းများစွာက ဖြစ်ပေါ်ထွန်းကားခဲ့သော မြန်မာ့ယဉ်ကျေးမှု အစဉ်အလာများကို ခေတ်အဆက်ဆက် လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသဖြင့် ယနေ့တိုင် မြင်တွေ့ခံစားနေရခြင်းဖြစ်သည်။

တန်ခူးလတွင် အတာကူးသည့် ရေသဘင်ပွဲတော်၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ နယုန်လတွင် စာပြန်ပွဲတော်၊ ဝါဆိုလတွင် ရှင်ပြုပဉ္စင်းခံ ပွဲတော်၊ ဝါခေါင်လတွင် စာရေးတံမဲပွဲတော်၊ တော်သလင်းလတွင် လှေသဘင်ပွဲတော်၊ သီတင်းကျွတ်လတွင် ဆီမီးပွဲတော်၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော်၊ နတ်တော်လတွင် နတ်ပွဲသဘင်ပွဲတော်၊ ပြာသိုလတွင် မြင်းခင်းသဘင်ပွဲတော်၊ တပို့တွဲလတွင် မီးပုံပူဇော်ပွဲတော်နှင့် တပေါင်းလတွင် သဲပုံစေတီပွဲတော်တို့ကို ဆယ့်နှစ်လရာသီပွဲတော်များအဖြစ် ဆင်ယင်ကျင်းပလျက်ရှိကြသည်။

အဆိုပါ ပွဲတော်ဆယ့်နှစ်မျိုးအနက် တန်ခူးလရေသဘင်ပွဲတော်သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသော ပွဲတော်ဖြစ်၍ လူတန်းစား အလွှာပေါင်းစုံက စိတ်ဝင်တစား ပျော်ရွှင်ဆင်နွှဲကြသည့်ပွဲတော်ဖြစ်သည်။ လွတ်လပ်ပေ့ါပါးစွာ ကျင်းပရသောပွဲတော်ဖြစ်၍ မြန်မာတို့၏ အနှစ်သက်ဆုံး၊ အပျော်ရွှင်ဆုံး ပွဲတော်အဖြစ် သတ်မှတ်နိုင်ပါသည်။

တန်ခူးလရာသီ၌ ကျင်းပလေ့ရှိသော အတာသင်္ကြန် ရေသဘင်ပွဲတော်ကို ပုဂံခေတ်က စတင်ပေါ်ပေါက်ခဲ့သည်ဟု သမိုင်းမှတ်တမ်းများအရ သိရသည်။ မြန်မာမင်းအဆက်ဆက်သည် သင်္ကြန်ပွဲတော်ကို စဉ်လာမပျက် ဆင်ယင်ကျင်းပခဲ့ကြသည်။ ပုဂံခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် စသည်ဖြင့် ခေတ်အဆက်ဆက်တွင် မင်းအဆက်ဆက်က ရိုးရာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း စာပေကျမ်းဂန်များတွင် မှတ်တမ်းတင်ခဲ့ကြသည်။

သင်္ကြန်ဟူသော ဝေါဟာရသည် သင်္ကြန္တဟူသော သက္ကတစကားမှ ဆင်းသက်လာသည်ဟူ၍လည်းကောင်း၊ ပညာရှင်တချို့ကမူ ပါဠိစကား သင်္ကန္တမှ ဆင်းသက်လာသည်ဟူ၍လည်းကောင်း ဝေါဟာရတ္ထပကာသနီကျမ်းတွင် ဖော်ပြထားပေသည်။ သင်္ကြန်၏အဓိပ္ပာယ်မှာ ကူးပြောင်းခြင်း၊ ရွှေ့ပြောင်းခြင်းဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဆိုလိုသည်မှာ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်ကူးပြောင်းခြင်းပင်ဖြစ်သည်။ တန်ခူးလဆိုရာတွင် ထန်းရူးသောလဖြစ်သဖြင့် **"ထန်းရူး"**လဟု ခေါ်တွင်ရာမှ ကာလရွေ့လျားခဲ့ပြီး **"တန်ခူးလ"**ဖြစ်လာသည်ဟုလည်း ယူဆခဲ့ကြသည်။ အချို့ ပညာရှင်တို့ကလည်း သင်္ကြန်ကာလသည် အတာကူးသော အချိန်အခါဖြစ်၍ "တာကူးလ" ဟုခေါ်စမှတ်ပြုခဲ့ရာမှ နောက်ပိုင်းတွင် "တန်ခူး"လဖြစ်လာသည်ဟုလည်း မိန့်ဆိုကြပြန်သည်။

မည်သို့ပင်ဖြစ်စေ **"တန်ခူး"**လသည် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများအတွက် နှစ်ဟောင်းကုန်၍ နှစ်သစ်ရောက်သော နှစ်သစ်ကူး အခါသမယဖြစ်သောကြောင့် ထူးခြားမြင့်မြတ်သည်။ ကျက်သရေမင်္ဂလာရှိသည်။ သင်္ကြန်အခါတော် ရာသီသဘာဝမှာလည်း ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေချိန်၊ ပိတောက်ပန်း၊ ငုပန်းနှင့် ကံ့ကော်ပန်းများ ဝေဝေဆာဆာဖူးပွင့်ချိန်၊ မိုးသားတိမ်တိုက် ကင်းစင်သောအချိန်၊ ကျေးငှက်သာရကာများ မြူးတူးသောအချိန်၊ တောတောင်ရေမြေ သဘာဝအားလုံး သာယာလှပသောအချိန် ဖြစ်သဖြင့် အရာအားလုံးသည် လွမ်းမောဖွယ်၊ ကြည်နူးနှစ်သက်ဖွယ်တို့ဖြင့် တင့်တယ်လှပနေပေသည်။ ထို့အပြင် မြန်မာပြည်၏ အဓိကအင်အားစုဖြစ်သော တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင် နားသောကာလဖြစ်သောကြောင့် စိတ်နား၊ လူနားဖြင့် ပျော်အားကောင်းသောအချိန်ဖြစ်ပေသည်။

မြန်မာဘုရင်များလက်ထက်က မိဖုရားနှင့် သားတော်၊ သမီးတော်များ ကိုယ်တိုင်ရေသဘင်ပွဲတော်ကို ဆင်နွှဲကြကြောင်း၊ ပြည်သူအများက နံ့သာရည်ကို သပြေခက်ဖြင့် ဆွတ်ဖျန်းကာ ဆုမွန်ကောင်း တောင်းပေးကြကြောင်း၊ ရဟန်းပညာရှိ၊ လူပညာရှိများက လာမည့်နှစ်သစ်အတွက် မိုးလေဝသနှင့် ကောင်းကျိုးဆိုးကျိုးများကို တွက်ချက်ကာ "သင်္ကြန်စာ"ကို ရေးသားဆက်သရကြောင်း စသဖြင့် စာပေမှတ်တမ်းများအရ သိရသည်။ ရှေးအခါကပင် သင်္ကြန်ရက်ကို အကျနေ့၊ အကြတ်နေ့၊ အတက်နေ့ဟူ၍ သုံးရက်သတ်မှတ်ကာ ရေသဘင်ပွဲတော်ကို ဆင်နွှဲကြသည်။ ရက်ထပ်နှစ်တွင် အကြတ်နေ့တစ်ရက်တိုးသဖြင့် သင်္ကြန်ရက် လေးရက်ဟူ၍ သတ်မှတ်ကြသည်။ သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ ကာလကို အခါတွင်းဟူ၍လည်းကောင်း၊ အခါကြီးရက်ကြီးဟူ၍လည်းကောင်း၊ အတာဟူ၍လည်းကောင်း သတ်မှတ်ခေါ်တွင်ခဲ့ကြသည်။ ဗုဒ္ဓဘာသာဝင် မြန်မာတို့သည် အခါတွင်းမတိုင်မီကာလကပင် ညောင်ရေအိုး၊ အတာအိုးများ၊ လှူဖွယ်ပစ္စည်းများ စုဆောင်းကြသည်။ ရှေးထုံးအစဉ်အလာအတိုင်း အတာအိုးဖြင့် သင်္ကြန်ကိုကြိုဆိုခဲ့ကြပြီး သင်္ကြန်အခါတွင်းကာလတွင် ရေသဘင်ပွဲဆင်နွှဲခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ဒုလ္လဘရဟန်းခံခြင်း၊ သက်ကြီးရွယ်အိုများကို ခေါင်းလျှော်ရေချိုးပေးကာ ဂါရဝပြုခြင်း၊ မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း စသည့် မြန်မာ့ရိုးရာမုန့်များဖြင့် စတုဒိသာ ကျွေးမွေးခြင်း၊ ကျေးဇူးရှင်ခိုင်းနွားများကို ဘေးမဲ့လွှတ်ခြင်း၊ ငါးလွှတ်ပွဲအပါအဝင် ဇီဝိတဒါနများ ပြုလုပ်ခြင်း၊ ဘုရားရုပ်ပွားဆင်းတုတော်များကို ရေသပ္ပာယ်ခြင်း စသည့် မြန်မာ့ရိုးရာ အလှူဒါနပွဲများကို ဒေသအလိုက် တပျော်တပါးဆင်နွှဲကြသည်။ ကောင်းမှုကုသိုလ်ပြုကြသည်။ ယနေ့တိုင်လည်း တစ်နိုင်ငံလုံးတွင် နေရာအနှံ့ အစဉ်အလာမပျက် ကျင်းပနေသည့် သင်္ကြန်ပွဲတော်ကို တွေ့မြင်ရခြင်းသည် မြန်မာတို့အဖို့ ဂုဏ်ယူဖွယ်၊ ကြည်နူးဖွယ်ကောင်းလှပေသည်။

ရှေးပဝေသဏီကပင် တည်တံ့ထွန်းကားလာခဲ့သော မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ရေသဘင်ပွဲတော်သည် ရိုးရာဓလေ့များဖြင့် ချစ်စရာ၊ မြတ်နိုးစရာကောင်းလှသည်။ မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကို မြန်မာဆန်ဆန်ကျင်းပခြင်းသည် ပျော်ရွှင်ကြည်နူးဖွယ်ရာ၊ နှစ်သက်မက်မောဖွယ်ရာကောင်းလှပေသည်။ ရာသီအခါသမယကလည်း မြန်မာတိုင်း၏ စိတ်အစဉ်ကို ပျော်ရွှင်ဖွယ်ဖြစ်အောင် တွန်းပို့လျက်ရှိသည်။ လွမ်းမောဖွယ် နွေအလှတွင် ဥသြတွန်သံနှင့်အတူ ပိတောက်၊ ငုဝါတို့ ပင်လုံးညွတ်မျှ ပွင့်ဖူးကာ အလှပြိုင်နေသောမြင်ကွင်းသည် အတာသင်္ကြန်ပွဲတော်၏ နောက်ခံ ပန်းချီကားသဖွယ် ဖြစ်နေသည်။ သင်္ကြန်၏ အငွေ့အသက်များဖြစ်သော ဤမြင်ကွင်းသည် မြန်မာအိုအို၊ ပျိုပျို၊ အရွယ်စုံအားလုံးကို အတာရေသဘင်ပွဲတော်တွင်းသို့ ဆွဲဆောင်သွားသည်။ မြင်ကွင်း၊ ရှုခင်း၊ ရာသီဥတု၊ ဥသြတွန်သံ၊ ပိတောက်ပွင့်၊ ငုပွင့်အစရှိသည့် တန်ခူးလ၏ ထူးခြားသော အငွေ့ အသက်များနှင့်အတူ သင်္ကြန်သီချင်း၊ သင်္ကြန်တီးလုံး၊ သင်္ကြန်အကတို့ကလည်း မြန်မာတို့၏ ဇာတိမာန်စိတ်ကို အထွတ်အထိပ်သို့ ရောက်သွားစေပြန်သည်။

**ယခုအခါတချို့သောလူငယ်များ၏ အယူအဆမှာ သင်္ကြန်ရောက်ပါက မူးပစ်လိုက်မည်၊ သရုပ်ပျက် ဝတ်စားဆင်ယင်မှုတွေနှင့် ရှိုးထုတ်လိုက်မည်၊ အော်ကြမည်၊ ဟစ်ကြမည်၊ ကကြမည် စသည့် ရည်ရွယ်ချက်များဖြင့် စည်းလွတ်ဝါးလွတ် ပျော်ပါးကြသည်။ တဖြည်းဖြည်းနှင့် လူငယ်အများစုကို အနောက်တိုင်းယဉ်ကျေးမှုက လွှမ်းမိုးလာသည်။**

**အမှန်အားဖြင့် ရိုးရာပွဲတော်သည် ခေတ်မီစရာမလိုပါ၊ ခေတ်ဆန်စရာမလိုပါ၊ ခေတ်လွန်စရာလည်းမလိုပါ။ ရိုးရာပွဲတော်သည် ရိုးရာဆန်ရမည်သာဖြစ်သည်။ ရိုးရာဆန်သော သင်္ကြန်အက၊ သင်္ကြန်အလှပြပွဲ၊ ပြိုင်ပွဲများကို ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက်၊ အဖွဲ့အစည်းအလိုက် အပြိုင်အဆိုင် ကျင်းပပေးလျှင် လူငယ်များလည်း တက်ကြွစွာ ပါဝင်ဆင်နွှဲလာပေမည်။**

ရိုးရာဆန်သော အခင်းအကျင်းများ၊ ပြပွဲ၊ ပြိုင်ပွဲများ၊ ရေသဘင်ပွဲတော်များတွင် လူငယ်များအားလုံး ပါဝင်လှုပ်ရှားလာပါက ရိုးရာဓလေ့စရိုက်၏ အနှစ်သာရကို နှစ်သက်နိုင်ပေလိမ့်မည်။ မြန်မာဆန်သော နှစ်သစ်ကူး အတာသင်္ကြန်သည် ဝုန်းဒိုင်းကြဲနေသော သရုပ်ပျက်သင်္ကြန်ထက်ပို၍ ကြည်နူးစရာကောင်းကြောင်း ထိတွေ့ခံစားတတ်လာမည်။ ခေတ်မီခြင်း၊ ခေတ်ဆန်ခြင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းကိုက်ညီခြင်းစသော အချက်များကို ယခုလို ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကြီးတွင် လက်ခံရပါမည်။ နည်းပညာ၊ အတတ်ပညာ ပြောင်းလဲမြင့်မားလာမှုနှင့်အတူ အပြော၊ အဆို၊ ဝတ်စားဆင်ယင်မှု အစရှိသည်များလည်း ပြောင်းလဲလာသည်ကို မကန့်ကွက်လိုပါ။ ခေတ်ဆိုသည်မှာ စနစ်နှင့်မတူ။ စနစ်ကို ဆုပ်ကိုင်ထား၍ရသော်လည်း ခေတ်ကိုတော့ ဆုပ်ကိုင်ထား၍မရကြောင်း မြင်တွေ့နေရသည်။

သို့ဖြစ်၍ ခေတ်နှင့်အညီ ပြောင်းလဲလာသော (Life style) ပေါ့ပါးလွတ်လပ်စွာ ဝတ်စားဆင်ယင်မှု၊ တေးဂီတနှင့်ကကွက် အစုံအလင်ကို ကြိုဆိုလက်ခံသည်။ ယနေ့ခေတ်တွင် မြန်နှုန်းမြင့်လိုင်းများကြောင့် ကမ္ဘာကြီး၏ အရှေ့မှအနောက်၊ တောင်မှမြောက် စသည်တို့သည် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဆက်သွယ်နိုင်သည်။ အသံကြားရုံမက ရုပ်ကိုပါ ဖန်သားပြင်ပေါ်သို့ တင်ကြည့်နိုင်သည်။ ဤအခြေအနေမျိုးတွင် ယဉ်ကျေးမှုကိုသာမက အရာအားလုံးကို တားဆီး၍မရနိုင်ပါ။

**နယ်နိမိတ်မရှိတော့သည့် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကြီးတွင် ထိန်းသိမ်းသင့်သော၊ ထိန်းသိမ်း၍ရနိုင်သော မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်တို့ကို အသိတရား၊ သတိတရား၊ မျိုးချစ်စိတ်ဓာတ်၊ ဇာတိမာန်တို့ဖြင့်သာ ထိန်းသိမ်း၍ ရနိုင်တော့မည်။**

လူငယ်ထုအတွင်း မျိုးချစ်စိတ်၊ ဇာတိမာန်နှင့် အသိတရားကောင်းများ စိမ့်ဝင်ပျံ့နှံ့သွားစေရန်အတွက် ပျိုးထောင်ပေးနိုင်သည့် အဓိကအင်အားစုမှာ မိဘနှင့် ဆရာများသာဖြစ်သည်။ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းခြင်းသည် ဂုဏ်ယူစရာ အပြုအမူတစ်ရပ်ဖြစ်ကြောင်း ဆုံးမပြောကြားပေးရန်လိုသည်။ တိုးတက်ထွန်းကားနေသော တိုင်းပြည်တိုင်း၊ လူမျိုးတိုင်းတွင် ရိုးရာဓလေ့စရိုက်ကို အစဉ်အလာမပျက် ထိန်းသိမ်းကြကြောင်း တွေ့ရသည်။

**ခေတ်ရေစီးကြောင်းအရ ပြောင်းလဲလာသော ခေတ်ပေါ်ဂီတများ၊ ကကွက်များနှင့် မြန်မာ့ရိုးရာသင်္ကြန်ကို တစ်ပေါင်းတည်း ရောမွှေလိုက်ခြင်း မပြုဘဲ သီးခြားစီထား၍ ခံစားခြင်းသည် ပို၍တင့်တယ်မည်၊ သင့်လျော်မည်ဟု ယူဆမိပါသည်။ ဤယူဆချက်သည် ခေတ်ကို နောက်ပြန်ဆွဲခေါ်သွားခြင်း မဟုတ်ပါ။ မြတ်နိုးစရာကောင်းသော မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာအစဉ်အလာမပျက် ကျင်းပခြင်းဟူသည့် လက်ဆင့်ကမ်းအမွေကို ထိန်းသိမ်းစေလို၍ ဖြစ်သည်။**

ယနေ့ခေတ် သင်္ကြန်ရေသဘင်ပွဲတော်ကာလတွင် မည်သည့်ကာလတွင်မျှ မရိုးနိုင်သော ရိုးရာသင်္ကြန်တေးများ၊ သင်္ကြန်အက၊ သင်္ကြန်အလှများကို ကြည့်ရှုခံစားနိုင်သော ရိုးရာမဏ္ဍပ်များဖြင့် ပြည့်နှက်နေလျှင် မင်္ဂလာရှိသော နှစ်သစ်ကို မင်္ဂလာရှိစွာကြိုဆိုရာရောက်မည်ဟု ယုံကြည်မိပါတော့သည်။ ။

## မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဧပြီ ၉

### အင်းစိန်တိမွေးကုတက္ကသိုလ် နှစ် (၁၂၀)ပြည့် မဂ္ဂဇင်းစာမူပေးပို့နိုင်

*၁၈၉၀ခုနှစ်တွင် စတင်ထုတ်ဝေသည့် တိရစ္ဆာန်ဆေးကုသိပ္ပံ အမှတ်တရ မဂ္ဂဇင်းကို ၂၀၁၀ခုနှစ် နိုဝင်ဘာတွင် နှစ် (၁၂၀)ပြည့်မဂ္ဂဇင်းအဖြစ် ထုတ်ဝေမည်ဖြစ်ရာ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာစာမူများကို ဖွန်လနောက်ဆုံးထား၍ ဖုန်း-၆၄၀၇၆၆ နှင့် ၅၄၅၁၃၅တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။*

### အထက(၁) စမ်းချောင်း အာစရိယ ပူဇော်ကြမည်

*အထက(၁)စမ်းချောင်းတွင် ၁၉၈၀ခုနှစ်နောက်ပိုင်း ကျောင်းသား ကျောင်းသူဟောင်းများက ပြုလုပ်သော အာစရိယပူဇော်ပွဲကို မေ ၁ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ဖုန်း-၅၀၀၆၁၈နှင့် ၀၉-၅၁၇၄၀၂၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။*

### (၃၇)ကြိမ်မြောက် မွန်သက်ကြီးပူဇော်ပွဲ ကျင်းပမည်

*မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)မှကြီးမှူး၍ (၃၇)ကြိမ်မြောက် အသက် (၇၅)နှစ်အထက် မွန်အဘိုးအဘွားများ သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ဧပြီ ၁၇ရက် နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၄၀၀၃၄၆နှင့် ၇၂၅၀၅၈တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။*

### ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာကျောင်းသားများ မြတ်ဆရာပူဇော်မည်

*၁၉၉၂-၂၀၀၄ခုနှစ်အတွင်း ဒဂုံတက္ကသိုလ်အင်္ဂလိပ်စာဌာန၌ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၂၇ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၂၄၄၈၂နှင့် ၅၂၆၆၂၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။*

### ဆဋ္ဌမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ ပါဝင်နိုင်

***သိမ်ကြီးဈေး စီရုံအဆောင်(၄) ပထမထပ်ရှိ ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း(ပင်မ)က ဦးစီး၍ ဆဋ္ဌမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဧပြီ ၁၀ရက် နံနက် ၉နာရီတွင် အမျိုးသားသွေးဌာန၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို လာရောက်လှူဒါန်းနိုင်သည်။***

### ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

*ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဧပြီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်လမ်းရှိ အမ္ဗာရာမကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၅၅၅၀၅နှင့် ၃၉၇၆၆၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။*

### မျှော်စင်ကျွန်း၌ စိုင်းစိုင်းဂီတပွဲ ဖျော်ဖြေတင်ဆက်မည်

***ယနေ့လူငယ်များ နှစ်သက်အားပေးကြသော စိုင်းစိုင်းခမ်းလှိုင်၏ မွေးနေ့အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲကို ဧပြီ ၁၀ရက် (စနေနေ့) ညနေ ၆နာရီတွင် ကန်တော်ကြီးမျှော်စင်ကျွန်း၌ တေးသီချင်းများဖြင့် သူ၏ပရိသတ်များအတွက် ဖျော်ဖြေတင်ဆက်မည် ဖြစ်သည်။***

### ထားဝယ် ရိုးရာသင်္ကြန်ပွဲနှင့် အလှူပွဲ ကျင်းပမည်

*ထားဝယ်အသင်း၏ ထားဝယ်ရိုးရာသင်္ကြန် (ရေးဇီမုန်း)နှင့် ရိုးရာမုန့်မျိုးစုံ အလှူပွဲကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်း အမှတ် ၈၂ရှိ ထားဝယ်အသင်းတိုက်၌ ဧပြီ ၁၃ရက် (သင်္ကြန်အကြိုနေ့)တွင် နံနက် ၈နာရီမှ ၁၀နာရီအထိ ကျင်းပမည်ဖြစ်သည်။*

### မန္တလေး Alpine မဏ္ဍပ်၌ အနုပညာရှင်များ ဖျော်ဖြေကြမည်

***မန္တလေးမြို့သူ မြို့သားများအတွက် သင်္ကြန်ကာလပျော်ရွှင်စေရန် မန္တလေးကျုံးအနီး Alpine မဏ္ဍပ်၌ သည်ထရီးတေးဂီတအဖွဲ့နှင့်အတူ ရုပ်ရှင်နှင့်ဂီတမှ နာမည်ကျော်အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။ ။***

*(မြန်မာ့အလင်း)*

စုစည်းရေးသားသူ-ဝင်းကျော်

ဧပြီ ၈ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဓာတ်ရောင်ခြည်ဆေးကုသစက် ဝယ်ယူရန်အတွက် ငွေကျပ် ၃၀၇၁၃၀၀၀ကို ရန်ကုန်မြို့နေ ဦးအေးကို-ဒေါ်နုနုခင် (မြန်မာကိုင်ဒိုကုမ္ပဏီမိသားစု)က ပေးအပ်လှူဒါန်းရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာနှင့် ပါမောက္ခ ဒေါက်တာဦးစိုးဦးမောင်တို့က လက်ခံယူစဉ်။ (၁၃၅)




## အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းအတွက် စက်မှုလျှပ်စစ်ဆိုင်ရာပစ္စည်းများ ဝယ်ယူခြင်းစာချုပ် လက်မှတ်ရေးထိုး

နေပြည်တော် ဧပြီ ၉

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Technical Import & Export Corporation (CNTIC) တို့ "အထက်ကျိုင်းတောင်း" ရေအား လျှပ်စစ်စီမံကိန်း အတွက် ဂျင်နရေတာ၊ တာဘိုင်နှင့် စက်မှုလျှပ်စစ်ဆိုင်ရာ ပစ္စည်းများဝယ်ယူခြင်း (Contract) စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဧပြီ ၈ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။** (အပေါ်ပုံ)

### တက်ရောက်

အဆိုပါ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ်နှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ China National Technical Import & Export Corporation (CNTIC) မှ Executive Vice President Mr. Sun Weiming နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အမှာစကားပြောကြားပြီး CNTIC မှ Executive Vice President Mr. Sun Weiming က Contract စာချုပ်လက်မှတ် ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်နှင့် CNTIC မှ Executive Vice President Mr. Sun Weiming တို့က Contract စာချုပ်များကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ခဲ့ကြကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နေပြည်တော် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ၌ မျက်ဝန်းသစ် စာကြည့်တိုက် အဆောက်အအုံဖွင့်

**နေပြည်တော် ဧပြီ ၉**

နေပြည်တော် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ မျက်ဝန်းသစ် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် အလှူငွေ၊ စာအုပ်၊ စာစောင်လှူဒါန်းပွဲကို မတ် ၁၄ရက် နံနက် ၈နာရီက အဆိုပါစာကြည့်တိုက် ကျင်းပရာ မျက်ဝန်းသစ် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ကို ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်တင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်သန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားကာ ကျေးရွာဥက္ကဋ္ဌ ဦးမြင့်သန်းက ကျေးဇူးတင်စကားပြောကြားပြီး အလှူရှင် ခုနစ်ဦးတို့က စာအုပ်၊ စာစောင်များနှင့် အလှူငွေများ ပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက လက်ခံယူသည်။

### ဆောက်လုပ်ခဲ့

အဆိုပါစာကြည့်တိုက်အဆောက်အအုံသစ်သည် ၁၄ပေ×၂၄ပေ အုတ်ညှပ်သွပ်မိုး၊ တစ်ထပ်အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်က မတည်ငွေကျပ် ၁၀သိန်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေ ကျပ်ငါးသိန်းနှင့် ပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ် ၁၀သိန်းတို့ဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**Air Bagan Myanmar Open 2010 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ဂျပန်နိုင်ငံမှ Tetsuji HIRATSUKA က ဦးဆောင်ကစားလျက်ရှိသည်။** (ဂေါက်သီးအဖွဲ့ချုပ်)

## Air Bagan Myanmar Open 2010 ဂေါက်သီးရိုက်ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

**ရန်ကုန် ဧပြီ ၉**

မြန်မာပီဂျီအေနှင့် Asian Tour တို့ ပူးပေါင်းကျင်းပပြီး Title Sponsor အဖြစ် Air Bagan Ltd. က အဓိကကူညီပံ့ပိုး၍ Presenting Sponsor အဖြစ် International Beverages Trading Co., Ltd.(IBTC)က ထပ်မံပံ့ပိုးကူညီသည့် Air Bagan Myanmar Open 2010 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ယနေ့ နံနက် ၆နာရီ ၃၅မိနစ်တွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ Pun Hlaing Golf Club ၌ ဆက်လက်ကျင်းပသည်။

### ဦးဆောင်ကစား

ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် Tetsuji HIRATSUKA (ဂျပန်) ကပင် နှစ်ရက်ပေါင်း ရိုက်ချက် ၁၂၉ချက်ဖြင့် ဦးဆောင် ကစားလျက်ရှိပြီး Hideto TANIHARA (ဂျပန်)နှင့် Prahyad MARKSAENG (ထိုင်း)တို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၃၄ချက်စီဖြင့် ဒုတိယလိုက်ကာ Andrew DODT (ဩစတြေးလျ) နှင့် Corey HARRIS (အမေရိကန်ပြည်ထောင်စု)တို့က နှစ်ရက်ပေါင်း ရိုက်ချက် ၁၃၅ချက်စီဖြင့် တတိယလိုက်နေကြသည်။

### ကူညီပံ့ပိုး

မြန်မာနိုင်ငံမှ ရန်မျိုးအေးက နှစ်ရက်ပေါင်း ရိုက်ချက် ၁၃၆ချက်ဖြင့် အဆင့်(၆)တွင်ရှိနေပြီး သိန်းဇော်မြင့်က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၀ဖြင့် အဆင့်(၂၆)မှာ ရှိနေကြသည်။

အဆိုပါပြိုင်ပွဲကို Co, Sponsor အဖြစ် Elite-Tech, Pun Hlaing Golf Club တို့က ထပ်မံကူညီပံ့ပိုးပြီး Sedona Hotel(Yangon)က (Official Hotel) အဖြစ်လည်းကောင်း၊ Srixon က(Official Ball)အဖြစ်လည်းကောင်း ပါဝင်ကြသည်။

တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဧပြီ ၁၀ရက် နံနက် ၇နာရီ မိနစ် ၄၀တွင် ယင်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

## နိုင်ငံရေးပါတီ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားရန် နောက်ဆုံးနေ့ရက် အသိပေးကြေညာ

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၁၈/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ် (၁၈/၂၀၁၀)**
**၁၃၇၁ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ရက်**
**(၂၀၁၀ပြည့်နှစ်၊ ဧပြီလ ၉ရက်)**
**နိုင်ငံရေးပါတီ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားရန် နောက်ဆုံးနေ့ရက် အသိပေးကြေညာခြင်း**

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့်အညီ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၈ ရက်နေ့တွင် ဥပဒေအမှတ် (၂/၂၀၁၀)ဖြင့် ပြဋ္ဌာန်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ တွင်-

**"နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၄/၈၈)အရ တည်ရှိနေသော ပါတီများသည် ဤဥပဒေအရ နိုင်ငံရေးပါတီအဖြစ် ဆက်လက် တည်ထောင်လိုပါက ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ လျှောက်ထားရမည်။ ကော်မရှင်၏ ခွင့်ပြုချက်ရရှိသည့်အခါ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ခွင့်ရှိသည်။ ယင်းသို့ လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်"**ဟု ပြဋ္ဌာန်းထားသည်။

၃။ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသည့် ပါတီများအနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ ကော်မရှင်သို့ လျှောက်ထားနိုင်ခွင့်ရှိသည့် အချိန်ကာလမှာ ၂၀၁၀ ပြည့်နှစ်၊ မေလ ၆ ရက်နေ့တွင် ရက်ပေါင်း ၆၀ ပြည့်မည် ဖြစ်သည်။

၄။ သို့ဖြစ်၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ တွင် အကျုံးဝင်သော ပါတီများအနေဖြင့် နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့် လျှောက်ထားလိုပါက အထက်အပိုဒ် ၃ ပါ သတ်မှတ်ရက်အတွင်း ကော်မရှင်သို့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျှောက်ထားရန်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**အမိန့်အရ**
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်များ လျှောက်ထားလျက်ရှိ

**နေပြည်တော် ဧပြီ ၉**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီ၏ အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ ၂၀၁၀ခုနှစ် ဧပြီ(၉)ရက်တွင် အောက်ပါအတိုင်း လာရောက်လျှောက်ထားခဲ့ကြသည်-

(က) ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)
(ခ) "ဝ" ဒီမိုကရက်တစ်ပါတီ

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားသည့် အဖွဲ့များမှာ (၁၆)ဖွဲ့ ရှိပြီးဖြစ်သည်။

ထို့အပြင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅တွင် အကျုံးဝင်သော ပါတီများအနက် မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ (မ-ခ-မ-ည-ဖ) MRO OR KHAMI NATIONAL SOLIDARITY ORGANIZATION (M.K.N.S.O)သည် ၂၀၁၀ခုနှစ် ဧပြီ (၉)ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့် လာရောက်လျှောက်ထားခဲ့ရာ ယနေ့အထိ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီများမှာ (၃)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အမှိုက်သိမ်းဆည်း

**ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အဖွဲ့ပိုင် ဈေးများ မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ဈေးများ သန့်ရှင်းသာယာလှပရေး အတွက် ဧပြီ ၂ရက်က ဆွာမြို့မဈေး အတွင်း အမှိုက်သိမ်းဆည်းခြင်း လုပ်ငန်းကို ဦးစီးအရာရှိ ဦးစိုးလွင်နှင့် ဈေးတာဝန်ခံတို့က စက်ယန္တရားဖြင့် ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

## ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

## စကားပြောသော ငါး

**ကိုသစ္စာ - ရေးသားသည်**

*မြေထဲပင်လယ် ကြမ်းပြင်တွင် နေထိုင်ကျက်စားပြီး အသံထွက် စကားပြောနိုင်သော ငါးမျိုးစိတ် တစ်မျိုးကို အီတလီနိုင်ငံ ပိုလီတက်ကနစ် တက္ကသိုလ်မှ အဏ္ဏဝါဗေဒ သုတေသန ပညာရှင်များက ဧပြီ ၅ရက်၌ ရှာဖွေတွေ့ရှိခဲ့ကြသည်။*



### *စကားပြောနိုင်*

*ရေခူကဲ့သို့ ပုံသဏ္ဌာန်ရှိပြီး ခန္ဓာကိုယ်ပေါ်၌ ပုစွန်၏အခွံမျိုးဖြင့် ဖုံးလွှမ်းထားသည်။ ပင်လယ်ရေနက်ပိုင်း၌သာ နေထိုင်လေ့ရှိပြီး အနီးသို့ လူ သို့မဟုတ် ရေပျော်သတ္တဝါတစ်ကောင် ရောက်ရှိလာပါက အဓိပ္ပာယ်မကွဲပြားသော စကားသံများဖြင့် ၎င်း၏ ပါးစပ်မှ တုံ့ပြန်တတ်ကြောင်း သိရသည်။*

### *အရွယ်အစား*

*အီတလီသုတေသနပညာရှင်များ၏ လေ့လာမှုအရ တစ်ကြိမ် စကားသံထွက်လျှင် ၅စက္ကန့်မျှကြာကြောင်း၊ ပင်ကိုအားဖြင့် ငြိမ်သက်ကာ ရေနက်ပိုင်း၌ ကျက်စားနေတတ်ကြောင်း၊ ယခင်က တစ်ကြိမ်တစ်ခါမျှ မတွေ့ရှိရသေးသည့် ငါးမျိုးစိတ်သစ်ဖြစ်ကြောင်း အီတလီသုတေသနပညာရှင်တို့က ပြောကြားသည်။* (အင်တာနက်)

# ရွှေနန်းတော် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ် နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် နန်းသြကျေးရွာ၌ဖွင့်

နေပြည်တော် ဧပြီ ၉

နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် နန်းသြကျေးရွာ ရွှေနန်းတော် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်စာစောင်နှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၄ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ ခရိုင်ဦးစီးအရာရှိ ဦးအေးဖေ၊ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်ဦးလှကိုနှင့် ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

**ကျေးဇူးတင်စကား**

အခမ်းအနားတွင် ညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် ခရိုင်ဦးစီးအရာရှိ ဦးအေးဖေတို့က အမှာစကားပြောကြားသည်။ ထို့နောက် ကျေးရွာပြည်သူများကိုယ်စား ဦးလှကိုက ကျေးဇူးတင်စကားပြောကြားပြီး အလှူရှင်များက စာအုပ်စာစောင်နှင့် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။ ထို့နောက် ရွှေနန်းတော်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံကို ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ ခရိုင်ဦးစီးအရာရှိ ဦးအေးဖေနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးလှကိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**(အပေါ်ပုံ)**

အဆိုပါ စာကြည့်တိုက်အဆောက်အအုံသည် (၂၄ × ၁၆)ပေ သွပ်မိုး၊ အုတ်နံကပ် တစ်ထပ်အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်မှ မတည်ငွေကျပ်၁၀သိန်း၊ ခရိုင်ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်ငါးသိန်း၊ အလှူရှင်များ ထည့်ဝင်လှူဒါန်းငွေကျပ် ၁၀သိန်းတို့ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

**(ခရိုင် ပြန်/ဆက်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ အမှတ်(၁) စောတေလိန်း၊ ဦးလူနီလမ်းတွင် ပါတီရုံးချုပ်တည်ရှိသော ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၈-၄-၂၀၁၀ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၏ အလံပုံစံ



ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မြောက်ပိုင်းဒေသများ၌ ကွက်ကျားမိုးရွာဖွယ်

နေပြည်တော် ဧပြီ ၉

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ဧရာဝတီတိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှ အပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**ဧပြီ ၁၀ ရက် ညနေအထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ဧပြီလ ပထမ ရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ** လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် ဗညားဒလလမ်းနေ မိဘနှစ်ပါးအားရည်စူး၍ ဒေါ်ညွှန့်မိသားစုတို့က လေးထပ်ဘိုးဘွားဆောင်သစ်နှင့် ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

# မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဧပြီ ၉

မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၂ရက် နံနက် ၉နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၁၉၀နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၁၂၀ တက်ရောက်ကြသည်။

**တွေ့ဆုံ**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်လမ်းနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ ပြည်ပရင်းနှီးမြှုပ်နှံမှု အေဂျင်စီမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Bui Quoc Trung နှင့် မြန်မာနိုင်ငံရှိ ဗီယက်နမ် ရင်းနှီးမြှုပ်နှံသူများအသင်း ဒုတိယဥက္ကဋ္ဌ Mr. Hoang Huy Ha တို့က အသီးသီး အမှာစကားများ ပြောကြားကြသည်။ ထို့နောက် မြန်မာ-ဗီယက်နမ် နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍနှင့် ခရီးသွားလုပ်ငန်းဝန်ဆောင်မှုကဏ္ဍ၊ သုံးခုခွဲ၍ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးကြသည်။

**(ကုန်သည်/စက်မှုအသင်းချုပ်)**

# ၂၀၀၉-၂၀၁၀ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်း ၁၉၄၁၆ ဒသမ ၂၆ ဧက ဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဧပြီ ၉

၂၀၀၉-၂၀၁၀ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများ ရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၀၉ ခုနှစ် စက်တင်ဘာ ၁ရက်မှ ၂၀၁၀ ခုနှစ် မတ်၃၁ရက်အထိ ဘိန်းခင်း ၁၆၇၁၈ ဒသမ ၈၄ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်သည်။

**ဖျက်ဆီးနိုင်ခဲ့**

ဧပြီ ၁ရက်မှ ၆ရက်အထိ ပြည်နယ်၊တိုင်းများမှ ဘိန်းခင်း၂၆၉၇ ဒသမ ၄၂ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် ဘိန်းခင်းစုစုပေါင်း ၁၉၄၁၆ ဒသမ ၂၆ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ထပ်မံဖျက်ဆီးနိုင်ခဲ့သည့် ဘိန်းခင်း ၂၆၉၇ ဒသမ ၄၂ဧကအနက် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်အတွင်းမှ ၁ဧက၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံနှင့်ပင်လောင်းမြို့နယ်အတွင်းမှ ၇၄ ဒသမ ၁၅ဧက၊ ကချင်ပြည်နယ် ဝိုင်းမော်၊ ချီဖွေ၊ ပူတာအိုနှင့် တနိုင်းမြို့နယ်အတွင်းမှ ၂၆၂၂ဒသမ ၂၇ဧက ဖျက်ဆီးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်မပေါ်နှင့်**

ဖျာပုံမြို့နယ် အမာမြို့ စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် အမာမြို့ ဒုတိယလမ်း မြေသားလမ်းဖောက်လုပ် ခြင်းကို မတ် ၁၅ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇေယျာလင်း ဆောင်ရွက် နေမှုကို မြို့တာဝန်ခံ ဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၃၇)

# ပဲခူးမြို့နယ် ဥဿာမြို့သစ်အတွင်း အဖျက်သမားများထားရှိခဲ့သည့် ဒေသန္တရမိုင်း ပေါက်ကွဲ၍ အပြစ်မဲ့ကလေးငယ်တစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၉

သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိရာ ဧပြီ ၈ရက် မွန်းလွဲပိုင်းတွင် ဒေသန္တရမိုင်းတစ်လုံး ပေါက်ကွဲမှုကြောင့် အပြစ်မဲ့ကလေးငယ်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

**ဆေးကုသမှုခံယူ**

ဖြစ်ပွားပုံမှာ အဆိုပါနေ့ မွန်းလွဲ ၂နာရီခန့်တွင် ပဲခူးတိုင်း ပဲခူးမြို့နယ် ဥဿာမြို့သစ် ရပ်ကွက်ကြီး(၃)မှ ဦးကျော်နိုင်၏သား မောင်အောင်နိုင်မျိုး (၁၂)နှစ်သည် အိမ်အနီးရှိ လူမနေခြံဝင်းတစ်ခုအတွင်းသို့ ငှက်ပစ်ရန် တစ်ဦးတည်းဝင်ရောက်ရာမှ ကျားစီး ကွင်းထိုးဖိနပ်တစ်ဖက်အတွင်း ဝိုင်ယာကြိုးစ နှစ်ခုနှင့် တွဲထားသော သွပ်ချောင်းတစ်ခုကို အိမ်သို့ ယူဆောင်လာပြီး သွပ်ချောင်းနှင့်တွဲထားသည့် ကြိုးစ နှစ်ခုအား နေအိမ်ရှိ ခြောက်ဗို့ဘက်ထရီဖြင့် ချိတ်ရာမှ ပေါက်ကွဲမှုဖြစ်ပွားရာ မောင်အောင်နိုင်မျိုး၏ ဝဲ/ယာ ပေါင်နှင့် ဝဲဘက်လက်မောင်းတို့တွင် ဒဏ်ရာရရှိသဖြင့် ပဲခူးဆေးရုံသို့ ပို့ဆောင် ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရှိရသည်။

**သတင်းပေးပို့**

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြို့ရွာ၊ လမ်း၊ တံတား၊ လူစည်ကားရာ ပျော်ပွဲရွှင်ပွဲ နေရာများတို့တွင် ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် မိုင်းထောင်ဖောက်ခွဲမှုများ ပြုလုပ်လေ့ရှိသဖြင့် ပြည်သူများအနေဖြင့် အသွင်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲ ဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်သမားများအား အထူးသတိပြုစောင့်ကြပ်ကြည့်ရှု ဖော်ထုတ်ပြီး မသင်္ကာဖွယ်ရာပစ္စည်းများတွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီ သတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန်လိုကြောင်း သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပျောက်ဆုံးကြောင်း

ကိုကြည်စိုး ၁၂/တမန(နိုင်) ၀၉၈၁၂၃ ၏ နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၅၀-၇၁၅၁၂။**

## ကျေးဇူးဆပ်ပါမည်

ဦးအောင်မြတ်စိုး ၉/အမဇ(နိုင်) ၀၀၄၇၇၉၏ အရေးကြီးစာရွက်စာတမ်းများပါ ကျောပိုးအိတ် အနက်ရောင်တစ်လုံး ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၀-၃၂၈၇၄၊ ၇၂၆၁၂၂။

## စံ(၅)ချက်ညီစာကြည့်တိုက်များ ဖြစ်ပေါ်ရေး မန်စီ၌ဆွေးနွေး

**ဗန်းမော် ဧပြီ ၉**

ဗန်းမော်ခရိုင် မန်စီမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို သတ်မှတ်ကာလအတွင်း စံ(၅)ချက်နှင့် ညီညွတ်သော စာကြည့်တိုက်များ ဖြစ်ပေါ်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ ငွေပဒေသာပင် စိုက်ထူရေး၊ စာငှားကတ်စနစ် ကျင့်သုံးရေးတို့အတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ညွှန့်၊ ဦးစီးမှူး ဒေါ်ဖြိုးဖြိုးကြိုင်နှင့် ဝန်ထမ်းများသည် ဧပြီ ၅ရက်နှင့် ၆ ရက်တွင် ထန်းတက်ရွာ၊ ငွေကြီးရွာ၊ ကုန်းတိမ်ရွာ၊ မံမကောက်ရွာ၊ ရီနူးမံဒန်ရွာများသို့ သွားရောက်ကာ တာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စာကြည့်တိုက် ကော်မတီဝင်များ၊ ကျေးရွာ ပြည်သူများနှင့် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့သည်။

**ဆွေးနွေး**

ထို့အပြင် ဟန်ထက်ရွာတွင် အလှူရှင် ဦးထွန်းထွန်း-ဒေါ်ဝေဝေ မိသားစုက မတည်လှူဒါန်းငွေ ကျပ် ၁၈သိန်းနှင့် ကျေးရွာပြည်သူများက လှူဒါန်းငွေ ကျပ်၂၂သိန်းတို့ဖြင့် ဆောက်လုပ်လျက်ရှိသော လင်းထက်စာကြည့်တိုက် အဆောက်အအုံကို ကြည့်ရှုကာ လုပ်ငန်းများ ပြီးစီးရေး၊ စာငှားကတ်စနစ်အောင်မြင်နိုင်ရေး တို့အတွက် ဆွေးနွေးခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

## ကန့်ဘလူ အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ အထကကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၂၄ရက်(စနေနေ့) နံနက် ၉နာရီတွင် ကန့်ဘလူမြို့ အထက(၁)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ အထက၊ အမက(၁)၊(၂)၊(၃)၊(၄)၊(၅)တို့တွင် သက်ပြည့် အငြိမ်းစားယူခဲ့ကြသော အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံ ကြွရောက်ကြပါရန်နှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသားကျောင်းသူဟောင်းများအားလုံး စုံညီစွာမပျက်မကွက်တက်ရောက်ကြပါရန်။

**အလှူငွေများကို-**

| | | |
|---|---|---|
| (ရန်ကုန်) | ဦးလှမြင့်(ကိုချူး) | ဖုန်း-၀၉-၆၄-၆၆၄၇၂ |
| | ဦးစိုးမြင့်(ရာသက်ပန်) | ဖုန်း-၀၉-၈၆-၂၄၃၅၂ |
| (မန္တလေး) | ဦးမောင်မောင်ဦး | ဖုန်း-၀၉-၂၀-၄၄၂၆၃ |
| | ဦးနေမျိုးမောင် | ဖုန်း-၀၉-၆၉-၇၁၁၅၂၊ ၀၉-၂၀-၃၃၄၄၃ |
| (စစ်ကိုင်း) | ဦးအောင်ကျော်နိုင် | ဖုန်း-၀၉-၂၀-၁၀၆၀၁ |
| (ရွှေဘို) | ဦးတင်ထွန်းဦး | ဖုန်း-၀၉-၂၀-၁၀၁၃၇ |
| (မုံရွာ) | ဦးမျိုးမင်းထိုက် | ဖုန်း-၀၉-၅၀-၈၆၂၆၂ |
| | ဦးမောင်မောင်စိုး | ဖုန်း-၀၉-၂၀-၀၁၂၆၂ |
| (ကန့်ဘလူ) | ဦးဉာဏ်မင်းထွန်း | ဖုန်း-၀၉-၆၄-၆၆၁၀၆ |
| | ဦးအောင်ဆန်းဦး | ဖုန်း-၀၇၅-၂၇၃၁၇ |
| | ဦးဇော်လင်းထွန်း | ဖုန်း-၀၇၅-၂၇၂၅၀ |

တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း **သိရသည်။**


## ဝန်ထမ်းအလိုရှိသည်

**(ပြည်တွင်း၌သာ ခန့်ထားရန်)**

၁။ HR Manager **ကျား/မ (၁)ဦး**
ဘွဲ့ရဖြစ်ရမည်။ အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်ရမည်။ Computer နှင့် Internet & e-mail အသုံးပြုနိုင်ရမည်။

၂။ Assistant Sales Manager **မ (၂)ဦး**
ဘွဲ့ရဖြစ်ရမည်။ Marketing လုပ်ငန်း သို့မဟုတ် အဝတ်အထည်နှင့် ပတ်သက်ပြီး လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။ ရိုးသား၊ ကြိုးစား၍ ထက်မြက်ရမည်။

၃။ Accountant **မ (၂)ဦး**
LCCI Level III သို့မဟုတ် B.Com ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။

၄။ Electrical Power (E.P) **ကျား (၂)ဦး**
B.E သို့မဟုတ် A.G.T.I ဖြစ်ရမည်။ သင်တန်းအောင်မြင်ကြောင်း လက်မှတ်တင်ပြနိုင်ရမည်။ အထည်ချုပ်လုပ်ငန်းတွင် အတွေ့အကြုံရှိသူ ဦးစားပေးမည်။

အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံရှိရမည်။ လုပ်ငန်းလိုအပ်ချက်အရ နယ်သို့ ခရီးသွားနိုင်ရမည်။ လျှောက်ထားလိုသူများသည် CV Form၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာမိတ္တူ၊ ဓာတ်ပုံနှစ်ပုံနှင့် လိုအပ်သော စာရွက်စာတမ်း အထောက်အထားတို့နှင့်အတူ ကြော်ငြာပါသည့်ရက်မှ ၃၀-၄-၂၀၁၀ရက်အတွင်း စာတိုက်သေတ္တာအမှတ် ၁၂၅၅ သို့မဟုတ် အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

Gold Yacht Co.,Ltd.
အမှတ် (၈၂)၊ တွင်းသင်တိုက်ဝန်၊ ဦးထွန်းညိုလမ်း၊ စက်မှုဇုန်(၁)၊ လှိုင်သာယာ။
**ဖုန်း-၀၁-၆၈၄၁၂၆၊ ၀၁-၆၈၄၂၂၉၊ ၀၉-၈၆-၁၅၉၁၁။**

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရွှေတောင်စုရပ်ကွက် လွတ်လပ်ရေးပန်းခြံအတွင်း မြေယာရှုခင်းအလှ ဆောင်ရွက်ထားမှုကို ဧပြီ ၈ရက်က ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဒေါ်နော်ကေသီမိုးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

## ဆကာကြီးအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်မည်

**ရန်ကုန် ဧပြီ ၉**

ဆကာကြီးအသင်း(ရန်ကုန်)၏ (၃၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မေ ၂ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက်ဝင်းအတွင်းရှိ ဂန္ဓကုဋိတိုက်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

**ပေးပို့**

အသင်းဝင်များအားလုံးနှင့် ဆကာကြီးနယ်သူ နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် အသက် ၈၀ နှင့် အထက် အသင်းဝင်များ၊ အသင်းဝင်မိသားစုများ၊ တက္ကသိုလ်ပါရဂူဘွဲ့ရ ဆကာကြီးနယ်သူ နယ်သားများ၏ အထောက်အထားမိတ္တူများနှင့် ၂၀၀၈-၂၀၀၉ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော သားသမီးများ၏ အမှတ်စာရင်းများကို ဧပြီ ၂၆ရက် နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်သည်။

**ဆက်သွယ်လှူဒါန်းနိုင်**

လှူဒါန်းလိုသူများသည် နာယက ဦးကျော်မြင့် ဖုန်း-၅၁၈၁၃၂၊ ဒုတိယဥက္ကဋ္ဌ ဦးခွေးလေး(ဦးအင်စွမ်)ဖုန်း-၂၂၂၅၆၁၊ အတွင်းရေးမှူး ဦးအေးကြူ(ဆကာကြီးအေးကြူ) ဖုန်း-၅၀၁၄၈၄၊ ဘဏ္ဍာရေးမှူး ဦးအောင်ကြည် ဖုန်း-၂၉၁၁၆၉၊ စာရင်းစစ်ဦးတင်ဦး ဖုန်း-၂၂၆၂၄၇၊ ဒေါ်မိမိခင်ခင်ကြီး ဖုန်း-၅၄၅၄၄၈၊ဦးအုံးမြင့်(ဆကာကြီး)၊ဦးမြသောင်းနှင့် ဖုန်း-၀၉-၈၆-၀၀၅၀၉(ဆကာကြီး)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

**(မြန်မာ့အလင်း)**

အထက(၂) ကမာရွတ်တွင် ၁၉၈၅ မှ ၂၀၀၉ ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူဟောင်းများက အငြိမ်းစား ဆရာ ဆရာမကြီးများနှင့် လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသော အသက်၄၅နှစ်နှင့် အထက် ဆရာဆရာမများအား ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲကို မတ် ၂၈ရက်က အဆိုပါ ကျောင်း၌ ကျင်းပရာ အပူဇော်ခံ ဆရာဆရာမများအား စုပေါင်းပူဇော်ကြစဉ်။ (ပညာရေး)

## ငွေရတုမင်္ဂလာဆုတောင်း(၁၀-၄-၂၀၁၀)

**ချစ်ဖေကြီး ဗိုလ်မှူးကျော်ဆန်းဝင်း(ငြိမ်း) (ရေကြောင်း/သံလွင်) နှင့် ချစ်မေကြီး ဒေါ်ခင်ခင်ဦး(အထ-ပြ)တို့၏ ငွေရတုမင်္ဂလာမှသည် နောင်နှစ် (၁၀၀)တိုင် ချစ်သားသမီးများနှင့်အတူ ဘဝခရီးလမ်းကို ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်စေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်-**

ချစ်သားသမီးများ-ထူး၊ ဖူး၊ ဂူး။


KMD Computer Centre
IDCS
International Diploma in Computer Studies
UK
KMD
IDCS » IADCS » B.Sc(Hons)BIT
26 April 2010 (Mon to Fri) 11:30 am to 3:00 pm
KMD - 249155, KMD - 502233, KMD - 397945



Special Promotion For 2010 ThinGyan

CHANNEL - V + YGN

Dual Entrance

"Buy A Single Ticket, Get Access To Both Stations"

All Days Ticket - Kyats 50,000 ( Limited )

First Two Days
KYATS 20,000

Last Two Days
KYATS 35,000

13th. APRIL KYATS 6,000
14th. APRIL KYATS 15,000
15th. APRIL KYATS 20,000
16th. APRIL KYATS 30,000

If your priority is Channel-V

Contact us :

| | | |
|---|---|---|
| Wai Yan | - | 09 502 9568 |
| Htoo Myat | - | 09 506 0001 |
| Ashlynn | - | 09 504 5323 |
| Su Htet | - | 09 511 6810 |
| Ye' Ko | - | 09 500 6214 |
| Kyaw Gyi | - | 09 519 1671 |

If your main choice is YGN

Contact us :

| | | |
|---|---|---|
| Sithu | - | 09 515 2999 |
| Phone Kyaw | - | 09 508 2427 |
| Sean | - | 09 509 5557 |
| Pyae Sone Hein | - | 535298 |
| Ma Dar | - | 09 510 1283 |
| Kay Khine | - | 09 997 3975 |


မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော မြိတ်တောင်ရပ်ကွက် ဘုရားကိုင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၁၃ရက်က အဆိုပါ မုခ်ဦး၌ ကျင်းပရာ တနင်္သာရီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကြည်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ MINI DV, DVD အခွေ၊ ဓာတ်ပုံ Memory Card နှင့် စာရွက်စာတမ်းများပါသော အိတ်တစ်လုံး ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါရန်။
**ကိုထွန်းထွန်း ဖုန်း-၀၁-၇၀၄၅၇၁၊ ၀၉-၅၁-၄၁၉၈၂။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆ H နှင့် ၃၆ G၊ မြေကွက်အမှတ် ၆၇ B နှင့် ၆၈ A၊ မြေကွက်တည်နေရာ အမှတ်၈၁ဒီ၊တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်း ဒေါ်ခင်ခင်ကြီး I.C.S (Retd) ဦးဝင်းဖေ၏ ဇနီး၊ မြေပိုင်မြေကို အမည်ပေါက်ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်စာတမ်းများ အဆက်အစပ်များ အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်လာသူ ဦးဝင်းမောင် ၁၂/ဗဟန(နိုင်) ၀၁၇၄၀၇က မြေကွက်အမည်ပြောင်း လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ။**

**စာအုပ်စာပေ လှူမိတ်ဆွေ**

ပဲခူးတိုင်း အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျွဲပွဲဈေးအတွင်း နှစ်လက်မစက်ရေတွင်း၊ ရေစက်ရုံနှင့် ဂါလန် (၁၂၀၀)ဆံ့ ရေကန်ကို မတ် ၂၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခိုင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

## ပြန်ကြားရေးဝန်ကြီး၏ လုပ်ငန်းဆိုင်ရာမှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲ ခန္တီးခရိုင် ဟုမ္မလင်း၌ကျင်းပ

ခန္တီး ဧပြီ ၂

ပြန်ကြားရေးဝန်ကြီး၏ (၁၉)နှစ်မြောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှစ်ပတ်လည်နေ့တွင်ပြောကြားသည့် လုပ်ငန်းဆိုင်ရာ မှာကြားချက်များ ထပ်ဆင့် ရှင်းလင်းပွဲနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၆ရက်က ခန္တီးခရိုင်ဟုမ္မလင်းမြို့နယ်ရုံး၌ ကျင်းပသည်။

### ထပ်ဆင့်ရှင်းလင်း

ရှေးဦးစွာ စစ်ကိုင်းတိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းက ပြန်ကြားရေးဝန်ကြီး၏ မှာကြားချက်များ၊ ၂၀၁၀-၂၀၁၁ခုနှစ် ရည်မှန်းချက်လုပ်ငန်းတာဝန်များနှင့် ကျေးရွာ စာကြည့်တိုက်များ သတ်မှတ်စံ (၅)ချက်နှင့် အညီ ရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ်များကို ထပ်ဆင့်ရှင်းလင်းသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ခန္တီးခရိုင်နှင့်မော်လိုက်ခရိုင်တို့မှ ခရိုင်ဦးစီးအရာရှိများနှင့် မြို့နယ်ဦးစီးမှူးများက ၂၀၀၉-၂၀၁၀ ခုနှစ် ပြန်ကြားရေးကဏ္ဍ ရည်မှန်းချက်လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများကို ရှင်းလင်းတင်ပြကြသည်။

### သုံးသပ်

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းက ခရိုင်နှင့်မြို့နယ်ဦးစီးမှူးများ၏ လုပ်ငန်းဆောင်ရွက်နိုင်မှုတင်ပြချက်များနှင့် ပတ်သက်၍အားနည်းချက်၊ အားသာချက်များကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။ (ခရိုင် ပြန်/ ဆက်)

## မြို့နယ် သတင်း ထွေတလာ

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ မိုးမခကွန်ကရစ်တံတားသစ်ကို မတ်၂၇ရက်က ကလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၁၈)

## မူဆယ်ခရိုင် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း သင်တန်းများဆင်း

မူဆယ် ဧပြီ ၄

မူဆယ်ခရိုင် မူဆယ်မြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၂၈/၀၉)နှင့် အဆင့်မြင့်စက်ချုပ် သင်တန်းအမှတ်စဉ်(၂၅/၀၉) သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၂၆ရက် နံနက် ၉နာရီက ကျောင်းခန်းမ၌ ကျင်းပသည်။

### ဆုချီးမြှင့်

အဆိုပါ အခမ်းအနားတွင် မူဆယ်ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သန်းမြင့် **(အောက်ပုံ)**နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဆုရသင်တန်းသူများအား ဆုများချီးမြှင့်ကြသည်။

### ဖွင့်လှစ်ပေး

အိမ်တွင်းမှု သင်တန်းကျောင်းအနေဖြင့် ယခုအပတ်စဉ်အထိ သင်တန်းသူ ၈၂၃ဦး သင်ကြားပေးခဲ့ပြီး သင်တန်းကျောင်းမှ အခြေခံနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း နှစ်မျိုးဖွင့်လှစ်ပေးသည်။ (၁၅၃)

## တိုင်းရင်းဆေးပညာ ဆင့်ပွားသင်တန်း ကန့်ဘလူမြို့၌ဖွင့်

ကန့်ဘလူ ဧပြီ ၅

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ တိုင်းရင်းဆေးပညာဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၁၉ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ (မြို့နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ) ဦးဝေမျိုးခိုင်၊ တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးမှူး ဒေါ်သန်းသန်းလတ်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းနှင့် အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အသင်းဝင် သင်တန်းသားများ တက်ရောက်ကြသည်။

### ပို့ချ

အစီအစဉ်အရ မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်၊ အသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းတို့က အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းဆေးမှူး ဒေါ်သန်းသန်းလတ်က သင်တန်းရည်ရွယ်ချက်နှင့် စည်းကမ်းများကို ဆွေးနွေးသည်။ သင်တန်းသို့ မြို့မ (၅) ရပ်ကွက်မှ သင်တန်းသား ၅၀ကျော် တက်ရောက်ကြပြီး တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုများ ပို့ချပေးခဲ့သည်။ (၀၂၇)

## မြစ်ရေတင် နွေစပါး တိုးချဲ့စိုက်ပျိုးရေး အမရပူရမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

မြစ်ငယ် ဧပြီ ၅

မန္တလေးတိုင်း အမရပူရမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုဦး၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်မြင့်ဇော်၊ ရေအရင်းအမြစ်ဦးစီးမှူး ဦးအောင်ငွေသိန်း၊ မြေစာရင်းဒုတိယဦးစီးမှူး ဦးဌေးဝင်းနှင့် စိုက်ပျိုးရေးဝန်ထမ်းများသည် မတ် ၄ရက်က လိပ်ဆံခွန်ကျေးရွာတွင် မြစ်ရေတင်နွေစပါးတိုးချဲ့ စိုက်ပျိုးရန် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြသည်။**(အောက်ပုံ)**

### ဆွေးနွေး

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် နွေစပါးများ တိုးချဲ့စိုက်ပျိုးရန် လိပ်ဆံခွန်လျှပ်စစ်မြစ်ရေတင် စီမံကိန်းမှ ပင်မမြောင်းဘေးတစ်လျှောက်ရှိ ယာမြေ ၈၇၉ ကေကို လယ်မြေအဖြစ်ပြောင်းလဲပြီး နှစ်သီးစားနွေစပါးတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြောင်းတစ်လျှောက် မြစ်ရေမှ ရေတင်နိုင်မှုနှင့် တောင်သူများ၏ လယ်ကြားမြောင်းများ တူးဖော်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများနှင့်တွေ့ဆုံကာ နွေစပါး တိုးချဲ့စိုက်ပျိုးသွားကြရန် ဆွေးနွေးကြသည်။ (၀၈၀)

## သဲကုန်း၌ စံပြလုလင် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

သဲကုန်း ဧပြီ ၈

ပြည်ခရိုင် သဲကုန်းမြို့နယ် ညောင်ကုန်းအုပ်စု စံပြကျေးရွာတွင် နိုင်ငံတော် မတည်ငွေနှင့် ကျေးရွာနေပြည်သူများ လှူဒါန်းငွေဖြင့်ဆောက်လုပ်သည့် စံပြလုလင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၅ ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

### လှူဒါန်း

အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်၊ မြို့နယ်ဥက္ကဋ္ဌဦးတင်မောင်ဝင်းတို့က အဖွင့်အမှာစကားပြောကြားပြီး ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်က စာအုပ်မျိုးစုံ ၅၀ကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းက စာအုပ်မျိုးစုံ၅၀ကို လည်းကောင်း၊ စေတနာရှင်ပြည်သူများက ပစ္စည်းနှင့် ငွေကျပ်တစ်သိန်းကို လည်းကောင်း လှူဒါန်းကြသည်။

အဆိုပါ စာကြည့်တိုက် အဆောက်အအုံသစ်ကို ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးညွန့်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

## ခုတ်ထွင်ရှင်းလင်း

**ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအမ်လှသောင်းနှင့်အဖွဲ့ မန္တလေး အထွက် မြို့ဝင်ဆိုင်းဘုတ်အနီး ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းကို မတ် ၂၀ရက်က ဆောင်ရွက်ကြစဉ်။** (သတင်းစဉ်)

## စားဝတ်နေရေး ပြည့်စုံရေး မီးဘေးမပေါ်နှင့်

## ပညာပေးနှိုးဆော်ချက် အမှတ်-၃

**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် နိုင်ငံတော်အတွင်းရှိ ငါးမွေးမြူခြင်းလုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျစီမံခန့်ခွဲခြင်း၊ မျိုးထိန်းသိမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်လာစေရန်အားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။**

**ပြည်ပမှ ပြည်တွင်းသို့တင်သွင်းလာသည့် အာဖရိကငါးခူ (CLarias gariepinus) များသည် ၎င်းတို့၏ အသားစားကြူးသော အလေ့အထကြောင့် သဘာဝသယံဇာတများကို ပျက်စီးစေပြီး ဒေသခံငါးမျိုးများကိုပြုန်းတီးစေကြောင်း စစ်ဆေးတွေ့ရှိရပါသဖြင့် အဆိုပါ အာဖရိကငါးခူများကို ပြည်ပမှပြည်တွင်းသို့ တင်သွင်းခွင့်မပြုကြောင်းနှင့် ပြည်တွင်းတွင် လက်ရှိသားဖောက်ထုတ်လုပ်နေသည့် အာဖရိကငါးခူများကို ဆက်လက် သားဖောက်ထုတ်လုပ်ခြင်း၊ မွေးမြူခြင်း၊ ပြန့်ပွားစေခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းစသည်တို့ကို မပြုလုပ်ကြရန် အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၀၁) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ အဆိုပါတားမြစ်ချက်များကို ဖောက်ဖျက်၍ ငါးလုပ်ငန်းလုပ်ကိုင်ကြောင်း စစ်ဆေးတွေ့ရှိရပါက ငါးမွေးမြူခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း သတိပေးထားရှိသည်။**

**သို့ဖြစ်၍ ဤအမိန့်ကြော်ငြာစာပါ သတိပေးတားမြစ်ချက်များကို လိုက်နာကျင့်သုံးကြရန်နှင့် အာဖရိကငါးခူများအား သားဖောက်ထုတ်လုပ်ဖြန့်ဖြူးခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။**

ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

# VICTORIA မဟာသင်္ကြန်အထူးဈေးရောင်းပွဲတော်

[illegible] Gift Cash Coupon [illegible]

[illegible] Gift Cash Coupon [illegible]

[illegible] (10% မှ 50%)အထိ Discount [illegible]

[illegible] (4.4.2010) မှ (12.4.2010) အထိ

VICTORIA Shopping Mall — Ph : 689371, 689372

VICTORIA Fancy Shop — Ph : 515136, 505614

VICTORIA Hyper Mart (Excel Tower(Basement)) — Ph : 559648, 703778

10.4.2010 [illegible]

Open Daily

VCD [illegible] Victoria Shopping Mall [illegible]

11.4.2010 [illegible] 12.4.2010 [illegible]


## ပျောက်ဆုံးကြောင်း

ကျွန်မဒေါ်စမ်းမြင့်ပိုင် ၈/ဗဟ၂၉ ၏ အခွန်ပုံစံ(၁) အစိမ်းရောင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

**ဖုန်း-၅၁၁၄၇၃။**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏရပ်ကွက် ဂရန်ပေးရေးစီမံချက်ရှိ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/စီ^၁)၊ မြေကွက်အမှတ် (၁/၁၂၆) ကာယ(၅)လမ်းရှိ တည်နေရာ မြေကွက်ကို ၁၈-၁၂-၁၉၈၄ရက်စွဲပါ အရောင်းအဝယ်စာချုပ်ဖြင့် ဒေါ်မြကြင်၊ ဦးသန်းလှိုင်၊ဦးကျော်ဝင်း၊ ဦးကျော်စန်းတို့က ဝယ်ယူထားခဲ့ပြီး ဦးသန်းလှိုင်၊ ဦးကျော်ဝင်း၊ ဦးကျော်စန်းတို့က ၈-၃-၂၀၀၄ ရက်နှင့် ၈-၁-၂၀၁၀ရက်စွဲပါ စွန့်လွှတ်စာချုပ်ဖြင့် ဒေါ်မြကြင်အား စွန့်လွှတ်ခဲ့သည့် စွန့်လွှတ်စာချုပ်ကို တင်ပြလျက်ဒေါ်မြကြင် ၁၂/လသန(နိုင်) ၀၀၇၈၆၀က ဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ။**

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

## အမြွှာမွေးမိခင်အား ဝါးခယ်မ၌ ထောက်ပံ့ငွေပေးအပ်

ဝါးခယ်မ ဧပြီ ၈

ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံကြီးတွင် မတ် ၂၂ရက်က ဦးသန်းနိုင်-ဒေါ်ဖြူဖြူထွေးတို့က အမြွှာမိန်းကလေးနှစ်ဦး မွေးဖွားခဲ့ရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ထောက်ပံ့ငွေများ ပေးအပ်သည်။

အဆိုပါ ထောက်ပံ့ငွေများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မာဖြူနှင့် အသင်းဝင်များက သံကြိုးတိုင်ရပ်ကွက်နေ အမြွှာကလေးမိခင်ထံထောက်ပံ့ငွေများ ပေးအပ်သည်။ **(အပေါ်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**

## သဘင်ပညာရှင် ဇာတ်မင်းသားများ ပဲခူးစာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေပေးအပ်

ပဲခူး ဧပြီ ၂

ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် ကပြလျက်ရှိကြသော ဇာတ်အဖွဲ့သုံးဖွဲ့မှ ပဲခူးမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ စာပေနှင့်ယဉ်ကျေးမှုအနုပညာဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်ထောက်ပံ့ငွေများ လှူဒါန်းပွဲကို ပွဲနောက်ဆုံးရက်ဖြစ်သည့် ဧပြီ ၂ရက်ညတွင် ကျင်းပသည်။

အခမ်းအနားတွင် ရွှေမန်းသဘင် တင်မောင်ဆန်းမင်းဝင်းဇာတ်အဖွဲ့က အလှူငွေကျပ် ၁၀၀၀၀၊ မိုးမင်းဇာတ်အဖွဲ့က အလှူငွေကျပ် ၁၅၀၀၀ နှင့် မြို့ရွှေမန်းသား ဖိုးချစ် အကအလှသဘင်မှ မင်းသားဖိုးချစ် **(ယာပုံ)** က ငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ပဲခူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်လှိုင်(စိန်လှိုင်ဖိုလ်) က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ မင်းသားဖိုးချစ်သည် ပဲခူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ယခင်နှစ်များကလည်း နှစ်စဉ် ငွေကျပ် တစ်သိန်း လှူဒါန်းခဲ့သည်။

(၀၆၀)

## ကန့်ဘလူ၌ နွေစပါး စုပေါင်းစိုက်ပျိုး

ကန့်ဘလူ ဧပြီ ၈

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် နွေစပါးစုပေါင်းထွန်ယက်စိုက်ပျိုးပွဲကို ဖေဖော်ဝါရီ ၁၈ရက်က သပြေသာကျေးရွာအုပ်စု ကွင်းအမှတ် ၉၆၈ ဦးပိုင်အမှတ် ၁၈၀ဦးမိုးလယ်ပိုင်လယ်မြေက ၃ဒသမ ၆၁နှင့် ဆက်စပ်တောင်သူ၁၉ဦးတို့၏ လယ်မြေ ၁၀၁ ဒသမ ၃၅ဧကတို့၌ ကျင်းပသည်။

**ထွန်ယက်စိုက်ပျိုး**

နွေစပါး စိုက်ပျိုးရေးအတွက် လိုအပ်သောရေကို စပါးခွံလောင်စာသုံး (RD-126) ရေတင်စက်ဖြင့် အလောင်းဘုရားတူးမြောင်းမှ တင်ယူကြောင်းနှင့် မျိုးစပါးနှင့်စိုက်နည်းစနစ်တို့ကို မြို့နယ်က ကူညီပံ့ပိုးပေးရာ ရက် ၉၀မျိုးစပါး ၆၅ဧက၊ (MR.9) မျိုးစပါး ၁၀ဒသမ ၇၁ဧက၊ (IR-747)မျိုးစပါး ၂၉ဒသမ ၂၇ဧကတို့ကို တိုက်ရိုက်မျိုးစေ့ချ စိုက်စနစ်ဖြင့် စုပေါင်းထွန်ယက်စိုက်ပျိုးကြသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် နွေစပါးဧက ၂၄၉၆၀တို့ကို စိုက်ပျိုးလျက်ရှိရာ စစ်ကိုင်းတိုင်းသည် အထက်မြန်မာပြည်၏ စပါးကျီဖြစ်ရေး သီးထပ်စိုက်ခြင်းဖြစ်ပြီး လယ်ယာကုန်ထုတ်စီးပွားတိုးတက်မြင့်မားလာစေမည်ဖြစ်ကြောင်း သိရသည်။

(၀၂၇)

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၄၃၂၃ SSS Super Carrier ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းဆင့် ၁၂/မဂဒ(နိုင်) ၀၀၄၅၄၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃စီ^၃၊ မြေကွက်အမှတ် V-၄၂၆၊ မြေကွက်တည်နေရာ အမှတ် (၂၈)၊ ဦးလွန်းလမ်း၊ အရှိုးကုန်းရပ်ကွက် ဒေါ်မြင့်မြင့်သိန်းအမည်ပေါက် နှစ် ၉၀ ဂရန်မြေကို အမည်ပေါက် ဒေါ်မြင့်မြင့်သိန်း(မိခင်)၊ ဦးရွှေလု (ဖခင်)ကွယ်လွန်သဖြင့် (၁) ဦးစီမြတ်မင်း ၁၂/တမန(နိုင်) ၀၆၉၄၁၇၊ (၂) ဒေါ်ငြိမ်းငြိမ်းချို ၁၂/ဥကတ(နိုင်) ၀၄၆၉၃၁၊ (၃)ဒေါ်မေဦးလွင် ၁၂/ တမန(နိုင်) ၀၅၀၇၄၀၊ (၄) ဒေါ်စီစီဆက် ၁၂/တမန(နိုင်) ၀၅၁၅၄၂ တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ။**

## ကန့်ကွက်နိုင်ပါသည်

ရွှေပေါက်ကံ မြေကွက် ၁၁/၈၁၄တသ-ဝင်းဘိုနှင့် (၁၁/၁၄၄) တကက-ဝင်းနိုင်တို့ကမြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အခွန်ဌာနခွဲ၊ မြေယာရုံးခွဲ(၅) တွင် အိမ်ရာ ဆောက်လုပ်နေထိုင်ခွင့် ထုတ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးအောင်ဖြိုး**
**၁၂/ဥကမ(နိုင်)၀၂၁၈၈၄**
**အမှတ် ၄၀၊**
**မင်းရန်အောင်(၁)လမ်း၊**
**(၅)ရပ်ကွက်၊**
**မြောက်ဥက္ကလာပ။**

## အများသိစေရန်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂/ခ)၊ လှုနေရပ်ကွက်အမှတ်(ကံဘဲ့)၊ မြေကွက်အမှတ်( ၁၄/အ^၁ ၊ ၁၉/တ )ဧရိယာ ၀ဒသမ ၀၂၀+၀ ဒသမ၀၁၃ဧကစုစုပေါင်း၀ဒသမ၀၃၃ ဧကအကျယ်ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောနေအိမ်နှင့် ယင်းနေအိမ်တွင် သွယ်တန်းတပ်ဆင်ထားသော ရေ၊ မီး၊ တယ်လီဖုန်း အမှတ် ၆၆၀၅၇၃၊ ပါဝါမီတာ၊ အဲကွန်းအပါအဝင် အကျိုးခံစားခွင့်အားလုံးကို ကျွန်တော်၏ မိတ်ဆွေဖြစ်သူက အပြီးအပြတ်ဝယ်ယူရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာထည့်သွင်းသည့်နေ့မှ သုံးရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်၍ အထောက်အထား စာရွက်စာတမ်းများ ယူဆောင်ပြီး လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြင့်သိန်း(တရားရုံးချုပ်ရှေ့နေ)**
**B.A(Law),LL.B, D.B.L,D.M.L,D.I.L**
**Wipo(Intellectual Property)GENEVA**

**ရုံး-အခန်း(၀၀၄-အေ)၊ တိုက်- ၉/၁၁၊ ၃၆လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၉-၅၁၂၆၅၄၆။**

**အိမ်-ခြံအမှတ်(၈၂)၊ စက်မှုလက်မှု ၂လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၉၅၁၃။**

## စွမ်းစွမ်းကိုခေါ်ပါ

TV နှင့် Computer အိမ်အရောက် ပြုပြင်သည်။ အဆိုပါ အိမ်သုံးလျှပ်စစ်ပစ္စည်းနှင့် Aircon၊ ရေခဲသေတ္တာ အဟောင်းအပျက်များ အိမ်အရောက်ဝယ်သည်။

**ဖုန်း-၅၄၀၇၉၅၊ ၀၉-၄၃၄၄၃၆၈၆။**

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပခ/၈၂၀၆ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျင်ထွေး ၇/ပခန(နိုင်)၁၇၀၆၃၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဦးစီးမှူးရုံး(ပဲခူး)။**

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၈၀၈၃၂ Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်လွင် ၉/မရတ(နိုင်) ၀၅၁၇၂၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

## ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၄၃၆၄ Gantawin L/T (4x2)R ယာဉ် လက်ဝယ်ရှိသူ ဒေါ်စန္ဒာအောင် ၅/ကဘလ(နိုင်)၁၀၅၂၀၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်ကျော်စိုးခိုင် ၁၂/ရကန(နိုင်) ၀၆၉၀၈၆သည် မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ (လုံးဝ) တာဝန်မယူပါ။

**(မေးမြန်းခြင်းသည်းခံပါ။)**

**ဦးကံမြင့်အောင်၁၂/ရကန(နိုင်)၀၂၀၂၅၁**
**ဒေါ်ခင်ခင်စိုး၁၂/ရကန(နိုင်)၀၁၉၇၃၅။**

## သား၊ သမီးများအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မဒေါ်တင်တင်ရီ၏ သမီး မသူဇာဝင်း ၁၂/ဒလန(နိုင်)၀၅၃၁၀၆ နှင့် သားမောင်ရန်အောင် ၁၂/ဒလန(နိုင်)၀၅၃၀၆၄ တို့သည် မိဘစကားကို နားမထောင်ဘဲ အိမ်မှ ထွက်သွားပါသဖြင့် သမီးနှင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်တင်တင်ရီ**
**၁၂/ဒလန(နိုင်)၀၂၁၈၂၂။**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ဒေါ်ဝင်းဝင်းရီ၏သား မောင်သူရ ၁၂/တမန(နိုင်)၀၅၄၁၂၀သည် မိဘသိက္ခာ၊ မိမိသိက္ခာနှင့် ဆွေမျိုးသားချင်းတို့၏သိက္ခာကိုပါ ထိခိုက်စေ၍ မိမိသဘောအတိုင်း နေအိမ်မှဆင်းသွားပါသဖြင့် အမွေစား၊ အမွေခံ သားအဖြစ်မှ ရာသက်ပန် စွန့်လွှတ်လိုက်ပါကြောင်း။ နောက်နောင် ၄င်းနှင့် ပတ်သက်သည့်ကိစ္စကြီးငယ်မှန်သမျှ လက်ခံဖြေရှင်းပေးလိမ့်မည် မဟုတ်ပါ။ **(ညှိနှိုင်းခြင်း၊ ဆွေးနွေးခြင်း၊ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်ဝင်းဝင်းရီ ၁၂/တမန(နိုင်)၀၅၄၂၉၁။**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၁၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားနှင့် (၁၆)ကြိမ်မြောက် မျက်နှာစုံညီ အာဆီယံထိပ်သီးအစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဧပြီ ၈ရက် ညနေပိုင်းက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Centre (NCC) ဒုတိယထပ်၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ (၁၆)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားနှင့် (၁၆)ကြိမ်မြောက် မျက်နှာစုံညီ အာဆီယံ ထိပ်သီး အစည်းအဝေးများသို့ တက်ရောက်သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Centre (NCC) ၌ ကျင်းပသည့် (၁၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများအား တွေ့ရစဉ်။** (သတင်းစဉ်)

### ( မြန်မာ့အလင်း ) ကြေညာချက်အသွင်း

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ်(၁၈/၂၀၁၀) ကို စာမျက်နှာ ၁၁ တွင် ဖော်ပြထားပါသည်။